ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (6-7-2005) (၄၆၄၈)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

ရန်ကုန်   ဇူလိုင်   ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ကျင်းပသည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေ ၄နာရီ ၄၅မိနစ်တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၆-၇-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခြေခံကောင်းများ တိုးပွားဖြစ်ထွန်းရေးကြိုးပမ်း မျိုးဆက်သစ်လူငယ်များအား ပြုစုပျိုးထောင်

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေးဖြစ်သည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကိုတည်ဆောက်ရာတွင် လူ့စွမ်းအား အရင်းအမြစ်သည် အဓိကကျသည့် နေရာမှ ပါဝင်နေသည်။

ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်သည်သာ နိုင်ငံနှင့်လူမျိုးကို ရှင်သန်စေရန် ကာကွယ်စောင့်ရှောက်တည်ဆောက်နိုင်မည်ဖြစ်သည်။ အေးချမ်းတည်ငြိမ်ခြင်း၊ နိုင်ငံနှင့်နိုင်ငံသားတို့၏ စီးပွားရေး အခြေခံကောင်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးခြင်းတို့သည် ဒီမိုကရေစီလူ့အဖွဲ့အစည်း ဖြစ်ပေါ်ရေးနှင့် ဒီမိုကရေစီကျင့်စဉ် ကျင့်သုံးရေးတို့အတွက် အခြေခံလိုအပ်ချက်များ ဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက မျိုးဆက်သစ်လူငယ်များအား ပညာရည်အဆင့်အတန်း၊ အရည်အသွေး၊ ကျွမ်းကျင်မှု စွမ်းဆောင်ရည်များ ပြည့်စုံစေရန် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ စီမံကိန်းများအရ လူငယ်လူရွယ်များ ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းများ ပိုမိုရရှိလာသည်။ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများဖြင့် ပညာရပ်အမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုးကို ရွေးချယ်သင်ယူနေကြပြီဖြစ်သည်။

နိုင်ငံတော်က ယင်းသို့ပညာရေးမြှင့်တင်မှု အစီအမံများ၊ ပညာရေးလုပ်ငန်းစဉ်များကို ခေတ်ပြိုင်ပြောင်းလဲမှု အရပ်ရပ်နှင့်အညီ လွှမ်းခြုံစွမ်းဆောင်နိုင်ရေး အဘက်ဘက်က ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိရာ ပညာရေးကဏ္ဍ၌ အောင်မြင်မှုအခြေခံကောင်း၊ ရလဒ်ကောင်းများ ဖြစ်ထွန်း ရရှိနေပြီဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်လ ၄ ရက်နေ့က ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **“မြန်မာနိုင်ငံတော်အနေဖြင့် ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ပိုမိုတိုးပွားဖြစ်ထွန်းလာစေရန်နှင့် ယင်းတိုးတက် ဖြစ်ထွန်းမှုအခြေခံကောင်းများကိုအနာဂတ်ကာလတိုင် တည်တံ့ခိုင်မြဲနေစေရန်အတွက် မိမိတို့၏ မျိုးဆက်သစ်လူငယ်များကို အနာဂတ်ကာလ အမျိုးသားရေးလိုအင်များနှင့် လိုက်လျောညီထွေစွာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ပြုစုပျိုးထောင်ပေးကြရန်”** မှာကြားသွားသည်။

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ တစ်ရှိန်ထိုးတိုးတက်ပြောင်းလဲလျက်ရှိရာ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စီးပွားရေး တိုးတက်လာနိုင်သည့် အခွင့်အလမ်းများဖြစ်ပေါ်လျက်ရှိသည်။

သို့သော်လည်း နိုင်ငံကြီးအချို့နှင့် ယင်းတို့၏ လက်ဝေခံများက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နိုင်မှု အလားအလာကောင်းများအား ပိတ်ဆို့ဟန့်တားရန် လုပ်ဆောင်နေကြသည်။ ပြည်တွင်း၊ ပြည်ပ အဖျက်သမားအချို့ကလည်း အဖျက်အမှောင့်လုပ်ရပ်များဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့ကို နှောင့်ယှက်လျက်ရှိကြောင်း တွေ့မြင်နေရသည်။

ယင်းသို့သော အခြေအနေအချိန်အခါမျိုးတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် အမျိုးသားရေးစွမ်းအားများ ဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုစွမ်းအား၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှုစွမ်းအားနှင့် အရည်အသွေးပြည့်ဝမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားများ ခိုင်မာသည်ထက် ခိုင်မာစေရန် ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများအနေဖြင့် ခေတ်မီနိုင်ငံတော်တည်ဆောက်ရာတွင် အဓိကကျသည့် ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေး၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ပိုမိုတိုးပွား ဖြစ်ထွန်းလာရေးတို့အတွက် မျိုးဆက်သစ်လူငယ်များအား စနစ်တကျပြုစုပျိုးထောင်ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

လုံခြုံရေးအခြေခံမူဘောင်သစ် ပေါ်ထွန်းလာရေး ကမ္ဘာ့နိုင်ငံများ ကြိုးပမ်းရန် တရုတ်နှင့်ရုရှားတိုက်တွန်း

မော်စကို ဇူလိုင် ၄

တရုတ်သမ္မတ ဟူကျင်တောင်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့သည် လုံခြုံရေးအခြေခံမူဘောင်သစ်တစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် ဒေသဆိုင်ရာ ပေါင်းစည်းမှုမြှင့်တင်ရေးတို့ကို တိုက်တွန်းသည့် ပူးတွဲကြေညာချက်တစ်ရပ်ကို မြို့တော်မော်စကိုတွင် သောကြာနေ့က လက်မှတ်ရေးထိုးလိုက်ကြသည်။

ကမ္ဘာ့နိုင်ငံများအတွင်း အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန် အကျိုးကျေးဇူးရရှိစေမှု၊ သာတူညီမျှရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံကာ လုံခြုံရေးဆိုင်ရာ အခြေခံမူဘောင်သစ် ချမှတ်နိုင်ရေးအတွက် ကမ္ဘာ့မိသားစု အသိုက်အဝန်းက ကြိုးပမ်းကြရန် အဆိုပါ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

လုံခြုံရေး အခြေခံမူဘောင်သစ်၏ နိုင်ငံရေးအုတ်မြစ်အဖြစ် တစ်ကမ္ဘာလုံး အတိုင်းအတာအရ အသိအမှတ်ပြုထားပြီးဖြစ်သော နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ စံများကိုလည်းကောင်း၊ စီးပွားရေးအုတ်မြစ်အဖြစ် နှစ်ဦးနှစ်ဝအကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုနှင့် သာတူညီမျှမှုနှင့် ကြွယ်ဝချမ်းသာမှု ဖြစ်ပေါ်စေမည့် မိတ်ဖက်ပြုမှုတို့ကိုလည်းကောင်း အခြေခံရမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

လုံခြုံရေးအခြေခံမူဘောင် ချမှတ်ရာတွင် နိုင်ငံများအတွင်း သာတူညီမျှမှုရှိသည့် လုံခြုံမှုဆိုင်ရာ အခွင့်အရေးများရရှိရန်လိုအပ်ကြောင်း၊ နိုင်ငံများအချင်းချင်း ပေါ်ပေါက်သည့် ပဋိပက္ခများကို ဖြေရှင်းရာတွင်လည်းကောင်း၊ ငြိမ်းချမ်းရေးကို ထိန်းသိမ်းရာတွင်လည်းကောင်း နိုင်ငံများအတွင်း သာတူညီမျှမှုကို အခြေခံဖြင့် ဆွေးနွေးညှိနှိုင်းမှုပြုနိုင်ရေးကို အလေးပေးရမည်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

နိုင်ငံတကာ မဟာဗျူဟာတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်စေရန်လည်းကောင်း၊ လက်နက်ထိန်းချုပ်ရေး၊ လက်နက်ဖျက်သိမ်းရေးနှင့် အစုအပြုံလိုက် ဖျက်ဆီးနိုင်သောလက်နက်များ ပိတ်ပင်ရေးတို့နှင့်ပတ်သက်၍ တရားဥပဒေစနစ်များ ချမှတ်နိုင်စေရန်လည်းကောင်း လုံခြုံရေး အခြေခံမူဘောင်သစ်က ရည်မှန်းသင့်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၀** ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- **၄:၅၀** ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် – ˚Associative Learning. (ပထမနှစ်–စိတ်ပညာ)**
- **၅:၃၀** ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “လောကဓံအတွက်လက်သီးတစ်ချက်” (အပိုင်း–၁၀)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗီစီဒီ ကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “နှင်းနဂါးသိုင်း” (အပိုင်း–၆)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

အီရတ်နိုင်ငံသည် အမေရိကန်များအတွက် အန္တရာယ်ရှိ နိုင်ငံခြားရေးဌာနက သတိပေးချက်ထုတ်ပြန်

ဝါရှင်တန် ဇူလိုင် ၄

အမေရိကန်သမ္မတဂျော့ဂျ်ဘုရှ်က အီရတ်နိုင်ငံတွင် ထူးထူးခြားခြားတိုးတက်မှုရရှိနေကြောင်း ညွှန်းဆိုပြောကြားပြီးသည့်နောက် နာရီပိုင်းအကြာ အမေရိကန်နိုင်ငံခြားရေးဌာနက အီရတ်နိုင်ငံသည် အမေရိကန်နိုင်ငံသားများ ခရီးသွားလာရန် ဘေးအန္တရာယ်ရှိသည့်နိုင်ငံဖြစ်သည်ဟု ဗုဒ္ဓဟူးနေ့က သတိပေးခဲ့သည်။

စစ်ဘက်နှင့် အရပ်သားများအား တိုက်ခိုက်နေမှုများ အီရတ်နိုင်ငံတစ်ဝန်းတွင် ဆက်လက်ဖြစ်ပွားနေပြီး ပစ်မှတ်များမှာ ဟိုတယ်နှင့်စားသောက်ဆိုင်များဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ခရီးသွားလာမှုဆိုင်ရာ သတိပေးချက်တွင်ပါရှိသည်။ အီရတ်တွင် စီစဉ်တကျတိုက်ခိုက်မှုများ၊ ခြိမ်းခြောက် ငွေတောင်းဆိုမှုများနှင့် ပြန်ပေးဆွဲမှုများလည်း ရှိနေကြောင်းကိုလည်း သတိပေးကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ၏ အခြေအနေသည် စစ်ဖြစ်နေမှု၊ နိုင်ငံရေးအရ မတည်ငြိမ်မှုနှင့် အကြမ်းဖက်တိုက်ခိုက်မှုတို့ကြောင့် အမေရိကန်ခရီးသွားများ၊စီးပွားရေးသမားများနှင့် အခြားခရီးသွားများသည် ပစ်မှတ် ဖြစ်လာနိုင်သည်ဟုလည်း အမေရိကန်နိုင်ငံခြားရေးဌာန၏ သတိပေးချက်တွင် ဖော်ပြထားသည်။ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် သတိပေးချက်သည်အောက်တိုဘာလက ထုတ်ပြန်သည့် သတိပေးချက်အပြင် ထပ်မံထုတ်ပြန်သည့် သတိပေးချက်ဖြစ်သည်။

ယင်းထုတ်ပြန်ချက်တွင် ရေကြောင်းနှင့် လေကြောင်းမှ တိုက်ခိုက်နိုင်သည့် အန္တရာယ်ကိုလည်း ဖော်ပြထားသည်။

အကြမ်းဖက်သမားများက အရပ်သားလေကြောင်းလိုင်းများအား ပစ်မှတ်ထားတိုက်ခိုက်မည့် ယုံကြည်လောက်ဖွယ်ရှိသည့် သတင်းများရရှိနေကြောင်း၊ ဘဂ္ဂဒက် နိုင်ငံတကာလေဆိပ်သို့ဆင်းသည့် လေယာဉ်နှင့်တက်သည့် အရပ်ဘက်၊ စစ်ဘက်လေယာဉ်များမှာ ဒုံးကျည်များနှင့် လက်နက်ငယ်များဖြင့် အပစ်ခံနေရသည်ဟု ဆိုသည်။

အမေရိကန် အစိုးရဝန်ထမ်းများကို စီးပွားရေးအရ ပျံသန်းနေသည့် အီရတ်လေကြောင်းဖြင့် လိုက်ခွင့်မပြုပေ။ ၎င်းတို့အနေဖြင့် အမေရိကန်စစ်ဘက် သို့မဟုတ် အစိုးရလေယာဉ်ဖြင့်သာ အီရတ်နိုင်ငံသို့ သွားလာကြရန် အမိန့်ထုတ်ပြန်ထားသည်။

အီရတ်တွင် ယာဉ်များဖြင့် သွားရေးလာရေးသည် အလွန်အန္တရာယ်များလှကြောင်း၊ အရပ်သားများစီးနင်းလိုက်ပါသည့် မော်တော်ယာဉ်များနှင့် စစ်ဘက် မော်တော်ယဉ်တန်းများအား တိုက်ခိုက်မှု အများအပြားရှိနေကြောင်း၊ တစ်နေ့လုံးတိုက်ခိုက်မှုများဖြစ်ပွားတတ်ပြီး ညဘက်တွင် ခရီးသွားလာမှုသည်လည်း အန္တရာယ်ကြီးမားလှကြောင်း ယင်းသတိပေးချက်တွင် ပါရှိသည်။

အမေရိကန်တပ်ဖွဲ့ဝင် ၁၇၀၀ ကျော် အီရတ်တွင်သေဆုံးခဲ့ပြီး ထောင်ချီ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အီရတ်ပြည်သူများအတွင်း သေဆုံးသူဦးရေမှာလည်း မြင့်မားလာနေသည်။

အင်တာနက်။

အိန္ဒိယနိုင်ငံ၏ အီလက်ထရွန်းနစ်ဈေးကွက် တိုးတက်မည်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၄

အိန္ဒိယနိုင်ငံ၏ အီလက်ထရွန်းနစ် ဈေးကွက်သည် လာမည့်နှစ်များအတွင်း ကမ္ဘာတစ်ဝန်း အလျင်အမြန်ဆုံးတိုးတက်သည့် အီလက်ထရွန်းနစ်ဈေးကွက်ဖြစ်လာမည်ဖြစ်ကြောင်း အင်–စတက် အဆင့်မြင့်နည်းပညာဈေးကွက် သုတေသနလုပ်ငန်းက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ယခုအခါ အိန္ဒိယ၏ အီလက်ထရွန်းနစ်ဈေးကွက်သည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံရှိပြီး နှစ်စဉ်တိုးတက်နှုန်း ၂၃ ရာခိုင်နှုန်းဖြင့် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန် ဒေါ်လာဘီလီယံ ၄၀ ထိရှိလာမည်ဟု ခန့်မှန်းထားကြောင်း အင်–စတက်က ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

☆ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Jinjun နှင့် သံရုံးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ကျင်းပသည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ကျင်းပသည့် ဒုတိယအကြိမ် မဟာမဲခေါင် ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjunနှင့် သံရုံး တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဇူလိုင် ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွန်ဆာဗက်လန်ဆာဗတ်သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီ ဘိုဟီစိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆွန်ဆာဗက်လန်ဆာဗတ်နှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ-နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာဆီယံရေးရာဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဆာရာကိန်းဆီဆိုဘွန်နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ အတွင်းရေးမှူး မစ္စတာဒတ်ဆာဒါဆူကာဆီယမ်တို့လည်း လိုက်ပါလာသည်။

(သတင်းစဉ်)

ပုဏ္ဏားကျွန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၅

ပုဏ္ဏားကျွန်းမြို့နယ်အသင်း(ရန်ကုန်)၏ ပဋ္ဌမအကြိမ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၀ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် စတုဘုမ္မိကကျောင်းတိုက် ဦးဘကျော်လမ်း တာမွေလေးရပ်ကွက် တာမွေမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက်အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	သီးနှံများကို မှတ်ပုံတင်ခြင်း
၇:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	Star Album(3)
၈:၀၅	ပြည်တွင်းသတင်းအကျဉ်း
၈:၁၀	ပိုက်ဆက်အတတ်ပညာ အပိုင်း(၁)
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၃၀	မိခင်လောင်းများအတွက် အာဟာရ
၈:၄၅	ပြည်တွင်းသတင်းအကျဉ်း
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	FIFA World Sport အပိုင်း(၂)
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	ရှားပါးသော ရေချိုရေငန်စပ်မိကျောင်းများ အပိုင်း(၃)
၉:၂၅	မိုးလေဝသခန့်မှန်းချက်
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများအကြောင်းသိကောင်းစရာ အပိုင်း(၁)
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	မော်တုံးကြီးကျောက်ငါးမွေးမြူရေးစခန်းကျွန်းစုမြို့နယ် (မြိတ်မြို့)
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ (၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇူလိုင် ၅

ဦးမြင့်ဆွေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း(ငွေသော်တာကွင်း)၌ ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ဦးသန်းရွှေ၊ ဦးသိုက်ထွန်း၊ ဦးဦးသိန်းမောင်၊ ဦးစံကြည်တို့နှင့်အတူ ဂေါက်သီး ရိုက်ကစားစဉ် ကျင်းအမှတ်(၅)၌ ၁၅၄ ကိုက်အကွာမှ B-51 XD ဘောလုံးကို Mizuno Iron No-5တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၆။	အဆိုပြိုင်ပွဲ
၈:၂၀	၇။	ထပ်ဆင့်အောင်ပွဲရောဝတီတံတား (ဒေးဒရဲ)
၈:၃၀	၈။	International News.
၈:၄၅	၉။	Let's Go.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၄:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၀၀	၅။	မြန်မာစာ၊ မြန်မာစကား
၅:၁၅	၆။	သီချင်းကြီးပဒေသာ
၅:၃၀	၇။	ရုပ်ဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၄၀	၈။	Discovery.
၅:၅၀	၉။	သုတစုံလင် ရွှေဉာဏ်ရှင်
၆:၃၀	၁၀။	ညနေခင်းသတင်း
၇:၀၀	၁၁။	မိုးလေဝသအခြေအနေ
၇:၀၅	၁၂။	မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) (အပိုင်း-၃)
၇:၂၅	၁၃။	ထာဝစဉ်နုလှ မြန်မာဂီတ (အတီးဘာသာရပ်ဆွေးနွေးခန်း) (အပိုင်း-၄)
၇:၃၅	၁၄။	ဒေသဝမ်းစာဖူလုံဖို့ ဆင်းရွှေလီစပါး စိုက်ကြစို့(အပိုင်း-၃)
၇:၄၅	၁၅။	မြန်မာ့ခြင်းလုံး
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ (ရာမာယဏဇာတ်တော်ကြီး)(စစ်ကိုင်းတိုင်း) (ပထမပိုင်း)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

အမှာစကားပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်း အနားသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသား ပညာရည်မြင့်မားရေးစီမံကိန်းသည် လူတိုင်းအကျုံးဝင်သည့်ပညာရေးဖြစ် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး အကောင်အထည်ဖော်

ဒေသခံလူငယ်များ အဆင့်မြင့်ပညာတတ်မြောက်မှသာ အမြင်ကျယ်အတွေးမှန်ပြီး မိမိနိုင်ငံ၊ မိမိဒေသ၏အနာဂတ်ကို လမ်းကြောင်းမှန်ပေါ်၌ တည်ဆောက်နိုင်စွမ်းရှိလာမည်

ရန်ကုန် ဇူလိုင် ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၏ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၁)ရပ်ကွက် စစ်တောင်းလမ်းရှိအဆိုပါ ဒီဂရီကောလိပ်ကျောင်းဆောင်သစ်၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၏ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ ယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် လူငယ်မင်္ဂလာဆိုင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်တို့က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ၏ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အတွင်းရေးမှူး(၁)၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ် ဒုတိယထပ်ရှိ e-Education Learning Centre၊ Audio Visual Language Lab နှင့် Computer Application Roomတို့၌ ခေတ်မီ သင်ထောက်ကူပစ္စည်းများဖြင့် ကျောင်းသားများ၏ ပညာသင်ယူနေမှု အခြေအနေများကိုလည်းကောင်း၊ စာကြည့် တိုက်နှင့် ပြတိုက်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စုဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဦးမြင့်ဆွေက ဒီဂရီကောလိပ်နှင့်ပတ်သက်သော အခြေအနေများ၊ သင်ကြားသည့် ဘာသာရပ်များ၊ ဒီဂရီကောလိပ်မှ မွေးထုတ်ပေးခဲ့သော ကျောင်းသား များနှင့် ဝန်ကြီးဌာနများတွင် လုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်နေမှုအခြေအနေ များ၊ သင်ကြားပြသသည့် ဆရာ၊ ဆရာမဦးရေနှင့် ကျောင်းသားဦးရေ၊ အဆောင်များနှင့် အိပ်ဆောင်များဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောက်လုပ် မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က သင်ကြားမှုဆိုင်ရာ ဘာသာရပ်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ သမိုင်းအစဉ်အဆက်တွင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ ကျန်နေခဲ့ရသည့် နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာအောင် ကြိုးပမ်း ဆောင်ရွက်သည့်နေရာ၌ နိုင်ငံတော်အစိုးရက ဦးဆောင်မှု၊ ကူညီပံ့ပိုးမှုများပေးနေ သကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များနှင့်နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူ များကိုယ်တိုင်ကလည်း တက်ညီလက်ညီ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး သည် အလွန်အရေးပါလှကြောင်း၊ အထူးသဖြင့် မိမိရပ်ရွာ၊ မိမိဒေသဖွံ့ဖြိုးရေး အတွက် ကြိုးပမ်းဆောင်ရွက်ပေးကြမည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်စပ် ဒေသများ၌ တိုးတက်ဖြစ်ထွန်းနေစေရေးသည် အလွန်ပဓာနကျသည့်အခန်းကဏ္ဍ က ပါဝင်လျက်ရှိနေကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မွန်မြတ်သည့် ရည်ရွယ်ချက်၊ ခိုင်မာသည့်ရည်မှန်းချက်ဖြင့် ကော်မတီများ အဆင့်ဆင့် စနစ်တကျ ဖွဲ့စည်း ဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလာသကဲ့သို့ တိုင်းရင်း သား လူမျိုးများအကြား အပြန်အလှန်နားလည်စာနာမှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုလာခဲ့ခြင်းကြောင့် နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းမှုကို ပိုမိုခိုင်မာလာစေခဲ့ ကြောင်း၊ ယင်းအရှိန်အဟုန်က တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုရော နယ်စပ် ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပါ ဖြစ်ပေါ်စေခြင်းကြောင့် နိုင်ငံတော်တည်ဆောက်ရေး တွင် အဓိကကျသောမောင်းနှင်အားဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

မိမိတို့၏ နယ်စပ်ဒေသအချို့သည် ၁၉၄၈ ခုနှစ်မှစပြီး ၁၉၈၉ ခု ပြည်တွင်း လက်နက်ကိုင်ဆူပူမှု၏ဒဏ်ကို အလူးအလဲခံစားခဲ့ကြရကြောင်း၊ ထို့ကြောင့်လည်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကစပြီး အစစအရာရာ နောက်ကျကျန်ရစ်ခဲ့ကြောင်း၊ ယင်းကဲ့သို့ အချိန်မျိုးတွင် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများ နောက်ကျကျန် နေခဲ့ရသည့်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည်တို့ကို အရှိန်အဟုန် ဖြင့် ဆောင်ရွက်ပေးနိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

☆ စာမျက်နှာ ၄ မှ

၁၉၈၉ ခုနှစ် မေလ ၂၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ဆက်လက်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ၁၉၈၉ ခုနှစ် မေလ ၃၁ ရက်တွင် ဖွဲ့စည်းပေးခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် **"အချို့သော နယ်စပ်ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အတွင်းပိုင်းဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုထက် သာလွန်မြန်ဆန်နေတာကိုတွေ့ရတယ်၊ နယ်စပ်ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှု သွက်လက်မြန်ဆန်တဲ့အလျောက် ရရှိဖြစ်ထွန်းနေတဲ့ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားရမှာဖြစ်တယ်၊ ဒေသခံပြည်သူများအား မိမိဘဝရပ်တည်နိုင်ပြီး လူနေမှုအဆင့်ဆင့် တိုးတက်မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စဉ်ဆက်မပြတ်တိုးတက်သွားစေဖို့ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက်ပါ စီမံဆောင်ရွက်သွားကြဖို့လိုတယ်"**ဟု လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

နယ်စပ်ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေး၊ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်ရေး၊ စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းတိုးတက်စေရေးနှင့် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးတို့သည် ပဓာနကျသည်နှင့်လျော်ညီစွာ နိုင်ငံတော်အစိုးရအနေဖြင့် ယင်းအပိုင်းကဏ္ဍများအားလုံး လွှမ်းခြုံပါဝင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

၁၉၈၉ ခုနှစ် မေလကစပြီး ယနေ့အထိ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ငွေကျပ် ၆၉၈၂၇ ဒသမ ၇၅ သန်း၊ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၅၅၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ ယင်းတို့အနက် နယ်စပ်ဒေသ ပညာရေးလုပ်ငန်းကဏ္ဍအတွက် ငွေကျပ် ၃၉၃၀ ဒသမ ၀၇ သန်း အကုန်အကျခံပြီး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းကိုကြည့်လျှင် နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၏ ပညာရေးလုပ်ငန်းကို မည်မျှအလေးထားပြီး ဆောင်ရွက်နေသည်ဆိုခြင်းမှာ သိသာထင်ရှားလှကြောင်း၊ ယခင်က နယ်စပ်ဒေသများ၌ စာသင်ကျောင်းဟု ထင်ထင်ရှားရှား မရှိခဲ့ကြောင်း၊ ယခုဆိုလျှင် မူလတန်းကျောင်း ၈၅၂ ကျောင်း၊ အလယ်တန်းကျောင်း ၉၀ နှင့် အထက်တန်းကျောင်း ၉၂ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ထို့ပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်၌ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနဆိုသည့် ဦးစီးဌာနအသစ်ကို (၃၀-၆-၁၉၉၉) ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယင်းအချိန်ကစပြီး နယ်စပ်ဒေသများရှိ လူငယ်လူရွယ်များအား ဖိဖိစီးစီး ပညာသင်ကြားနိုင်ရေးအတွက် လူငယ်သင်တန်းကျောင်းများကို ဖွင့်လှစ်ခဲ့ရာ၌ ယနေ့ဆိုလျှင် နယ်စပ်ဒေသအသီးသီးတွင် လူငယ်သင်တန်းကျောင်း ၂၇ကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်း ၂၁ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ လူငယ်သင်တန်းကျောင်းများတွင် လက်ရှိကျောင်းသား ၁၉၀၈ ယောက်၊ ကျောင်းသူ ၃၄၁ ယောက် အေးချမ်းစွာ ပညာသင်ကြားနေလျက်ရှိပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ လူငယ်သင်တန်းကျောင်းများကနေပြီး ၁၀ တန်း အောင်ပြီးသည့်အခါတွင်လည်း တက္ကသိုလ်ပညာရပ်များကို ဆက်လက်ပြီး ဆည်းပူးသင်ယူနိုင်ရန်အတွက် ရန်ကုန်ဒီဂရီကောလိပ်ကို ၁၅-၆-၂၀၀၀ ရက်နေ့တွင်လည်းကောင်း၊ မန္တလေး ဒီဂရီကောလိပ်ကို ၁၂-၇-၂၀၀၀ ရက်နေ့တွင် လည်းကောင်း ဖွင့်လှစ်ပေးခဲ့ကြောင်း။

ခေတ်မီတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်သည်ဆိုရာတွင် နိုင်ငံတကာအဆင့်မီအရည်အသွေးမြင့်မားသော သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များစသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ပြုစုပျိုးထောင်မွေးထုတ်ပေးရန် အထူးလိုအပ်လှကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းသည် လူတိုင်းအကျုံးဝင်ပညာရေးဖြစ်သည့်အတွက် နိုင်ငံတော်တွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ် ပေါ်ထွန်းရေးနှင့် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက တည်ဆောက်ထူထောင်ပေးနေသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများ၊ အလားအလာကောင်းများကို သားစဉ်မြေးဆက်တိုင် ထိန်းသိမ်းသယ်ဆောင်သွားနိုင်ရန်မှာ ဒေသခံပြည်သူများ ပညာတတ်မြောက်ရန်၊ ပညာရည်မြင့်မားရန်နှင့် ကျန်းမာကြံ့ခိုင်ရန် အထူးလိုအပ်လှကြောင်း၊ ဒေသခံလူငယ်များ အဆင့်မြင့်ပညာတတ်မြောက်မှသာ ပညာဉာဏ်ဗဟုသုတနှင့် ပြည့်စုံပြီး အမြင်ကျယ် အတွေးမှန်လာသည့်အလျောက် မိမိနိုင်ငံ၊ မိမိဒေသ၏ အနာဂတ်ကို အကောင်းဆုံး အကျိုးအရှိဆုံးလမ်းကြောင်းမှန်ပေါ်၌ တည်ဆောက်ပေးနိုင်စွမ်းရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် နှစ်ခုကို စွမ်းရည်ထက်မြက်သည့် တိုင်းရင်းသားလူငယ်များ မွေးထုတ်နိုင်ရန် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ယင်းဒီဂရီကောလိပ်နှစ်ခုကို ရည်ရွယ်ချက်ခြောက်ချက်ဖြင့် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းရည်ရွယ်ချက်များမှာ တိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သောလူငယ်များ ဖြစ်လာစေရန်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့်ရိုးရာဓလေ့ထုံးစံများကို သိရှိနားလည် ထိန်းသိမ်းနိုင်စေရန်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထက်သန်စေရန်၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်လိုသည့် စိတ်ဓာတ်များ မွေးမြူပေးရန်၊ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များ တတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန်ဆိုသည့် အချက်များပင်ဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကျောင်းဆောင်အတွင်း ကျောင်းသားများ ပညာသင်ယူမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆိုပါရည်ရွယ်ချက်များနှင့်အညီ နယ်စပ်ဒေသအသီးသီးမှ ရောက်ရှိ ပညာသင်ကြားလာကြသည့် တိုင်းရင်းသားကျောင်းသားများအား အခြားတက္ကသိုလ်၊ ကောလိပ်များနည်းတူ ခံ့ညားထည်ဝါသည့် ကျောင်းကြီးများ၌ ဂုဏ်သိက္ခာရှိရှိ ပညာသင်ကြားနိုင်ရန်အတွက် ယနေ့ဖွင့်လှစ်လိုက်သော ကျောင်းဆောင်သစ်ကြီးကို နိုင်ငံတော်က ကုန်ကျစရိတ် အများအပြားကုန်ကျခံကာ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် အဆင့်မီ သင်ထောက်ကူပစ္စည်း အပြည့်အစုံနှင့် ဆရာ၊ ဆရာမ အပြည့်အစုံတို့ကိုလည်း ကျောင်းဆောင်အသစ်ကြီးနှင့်အတူ ဖြည့်ဆည်းပေးထားခဲ့ပြီးဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် မေတ္တာစေတနာကို သိရှိနားလည်ပြီး ဤကျောင်း၌ တက်ရောက်လာသည့် တိုင်းရင်းသားကျောင်းသားများအနေဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ရည်မှန်းချက်ဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မိမိတို့တိုင်းပြည်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြမည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်းကြပါဟု တိုက်တွန်းမှာကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးမြင့်ဆွေက ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အမှတ်တရဂုဏ်ပြုလက်ဆောင်ကို ဂါရဝပြုပေးအပ်ပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ကြီးနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ပြည်ထောင်စုတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ ကျောင်းဆောင်သစ်ရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၃၁ ဒသမ ၅၁၆ဧက ကျယ်ဝန်းသည်။

ယင်းဧရိယာအကျယ်အဝန်း၌ သုံးထပ် ပင်မစာသင်ဆောင် တစ်ဆောင်၊ သုံးထပ်ကျောင်းသားအိပ်ဆောင် သုံးဆောင်၊ စားရိပ်သာ တစ်ဆောင်၊ ပါမောက္ခနှင့် တွဲဖက်ပါမောက္ခများ နေထိုင်နိုင်ရန် နှစ်ခန်းတွဲ သုံးထပ်ဆောင် တစ်ဆောင်၊ ဆရာမများအဆောင် တစ်ဆောင်၊ ကျောင်းအုပ်ကြီး နေအိမ်တစ်လုံး၊ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံးနှင့် ကျောင်းသားများ အားကစားလေ့ကျင့်နိုင်ရန် ဘောလုံးကစားကွင်းတစ်ကွင်းတို့ကို ဆောက်လုပ်ပြီးဖြစ်သည်။ သုံးထပ်ကျောင်းသားအိပ်ဆောင် တစ်ဆောင်၊ ဆရာများအဆောင်၊ နှစ်ခန်းတွဲ သုံးထပ်ဆောင် တစ်ဆောင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၏ နေအိမ်တို့မှာ ဆောက်လုပ်ဆဲဖြစ်သည်။

အဆိုပါဒီဂရီကောလိပ်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် (မြို့ပြ၊ စက်မှု၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်) ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ အင်ဂျင်နီယာ (အေဂျီတီအိုင်)၊ မဟာအရည်အချင်းစစ်၊ မဟာဝိဇ္ဇာနှင့် မဟာသိပ္ပံဘွဲ့သင်တန်းများ၌ တိုင်းရင်းသားလူငယ်ကျောင်းသား စုစုပေါင်း ၁၆၀ တက်ရောက်လျက်ရှိသည်။

ထို့အပြင် ပညာရေးအဆင့်မြှင့်တင်မှု အစီအစဉ်အဖြစ် အဆင့်မြင့်ပညာများကို Multimedia Class Room နှင့် e-Learning Centreများဖြင့် သင်ကြားပို့ချလျက်ရှိသည်။

အဆိုပါဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ရ ၅၈ဦး၊ သိပ္ပံဘွဲ့ရ ၅၉ဦးနှင့် အင်ဂျင်နီယာ ဒီပလိုမာ ၈၃ဦး စုစုပေါင်း၂၀၀ မွေးထုတ်ပေးခဲ့ပြီး ယင်းကျောင်းသားအားလုံးမှာ ယခုအခါ ဝန်ကြီးဌာနအသီးသီး၏ နယ်စပ်ဒေသများ၌ ဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိကြကြောင်း သိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်းအား လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇူလိုင် ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဆွန်ဆာဗက်လန်ဆာဗတ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ယနေ့ည ၇နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်အပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဆွန်ဆာဗက်လန်ဆာဗတ်အား ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွန်ဆာဗက်လန်ဆာဗတ် ဆီဒိုးနားဟိုတယ် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Zhen Zhuang Guest House ၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ တရုတ်တစ်နိုင်ငံတည်းမူဝါဒ One China Policy ကို အစဉ်အမြဲ ထောက်ခံလျက်ရှိ

❀ **နိုင်ငံတကာမှ**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ဥက္ကဋ္ဌ မစ္စတာလျူဘင်း၊ National Development and Reform Commission ဒုတိယဥက္ကဋ္ဌ မစ္စတာ လျူဂျမ်း၊ နိုင်ငံတော်ကောင်စီ ဒုတိယအထွေထွေအတွင်းရေးမှူး မစ္စတာချန်ဂျင်ယူ၊ စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအန်မင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆုတောင်းမေတ္တာပို့သ

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ကူမင်းမြို့တွင် ယခုကျင်းပသည့် ဒုတိယအကြိမ်မဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်ကာလ၌ အဆွေတော် ဝန်ကြီးချုပ်နှင့် ဆွေးနွေးခွင့်ရသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်၊ ဒုတိယသမ္မတ မစ္စတာကျန်ချင်းဟုန်နှင့် အဆွေတော် ဝန်ကြီးချုပ်တို့ထံ ကိုယ်စိတ်နှစ်ဖြာကျန်းမာစေရန် ဆုတောင်းမေတ္တာပို့သပါကြောင်း စကားလက်ဆောင်ပါးလိုက်သည်ကိုလည်း တစ်ပါတည်း ပြောကြားလိုပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် အဖွဲ့ဝင်များ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စီးပွားရေးနှင့်သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့တက်ရောက်စဉ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံစီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအန်မင်တို့ သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်ကို အခြေခံပြီး နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အဆက်ဆက် အမြော်အမြင်ကြီးမားစွာတည်ဆောက်ခဲ့ကြ၍ ယနေ့ဆိုလျှင် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် အစဉ်ရှင်သန်လျက်ရှိပြီး အချိန်ကြာလာသည်နှင့်အမျှ ပိုမိုခိုင်မြဲလာသည်ကို တွေ့ရပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် အဖွဲ့ဝင်များ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စီးပွားရေးနှင့်သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်စဉ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး မစ္စတာအန်မင်တို့ သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုး ကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို အစဉ်အမြဲ ထောက်ခံလျက်ရှိပါကြောင်း၊ ထိုင်ဝမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခွဲခြား၍မရသည့်အစိတ်အပိုင်း တစ်ခုအဖြစ် အမြဲတမ်းခံယူထားသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်က ပြဋ္ဌာန်းခဲ့သည့် Anti-Secession Law ကို မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံကြောင်း ကြေညာခဲ့ပါကြောင်း၊ ထို့အတူ နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်သည့်ကိစ္စများပေါ်လာတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက မိတ်ဆွေစစ်မိတ်ဆွေကောင်းပီသစွာ မြန်မာနိုင်ငံဘက်က မားမားမတ်မတ် ရပ်တည်ပေးသည့်အတွက်လည်း အမြဲတမ်းကျေးဇူးတင်ရှိပါကြောင်း။

ဆက်လက်၍ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ တည်ဆောက်ရေးအတွက် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✧

စီးပွားရေးနှင့် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုး

✧ စာမျက်နှာ ၆ မှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ပေးမှုအပေါ် ကျေးဇူးတင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ရန် ဆက်လက်ဆောင်ရွက်မည့် ပေါင်းလောင်းအဆင့်(၂) စီမံကိန်းအတွက် လိုအပ်သောဘဏ္ဍာငွေ အကူအညီပေးရေး၊ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ တိုက်ကြီး အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရန်နှင့် ပေနက်ရေနံတွင်းတူးစက် (Deep Well Rigs)နှင့် စက်အရန်ပစ္စည်းများ၊ အထောက်အကူပစ္စည်းများရရှိရေး။

ယခင် မြန်မာ–တရုတ် နှစ်နိုင်ငံ လက်မှတ်ရေးထိုးပြီးခဲ့သော စာချုပ်များအနက် ယွမ်သန်း ၂၀၀ ချေးငွေများ အမြန်ထုတ်ယူရရှိရေးတို့အတွက် တင်ပြဆွေးနွေးလိုပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးကို နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ပုံမှန်ကုန်သွယ်ရေးသို့ ကူးပြောင်းဆောင်ရွက်ရန် အချိန်သင့်ပြီဖြစ်ပါကြောင်း။

ဆွေးနွေးပြောကြား

နိုင်ငံတကာရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများအပေါ် မြန်မာနိုင်ငံ၏အမြင်ကို ရှင်းလင်းတင်ပြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား အဆင်ပြေအားလပ်သည့်အချိန်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ပါရန် ဖိတ်ကြားပါကြောင်း ဆွေးနွေးပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်ကို ကြိုဆိုပါကြောင်း။

ပေါ်လစီမပြောင်းလဲ

ယခုနှစ်သည် တရုတ်–မြန်မာ သံအဆက်အသွယ်ထူထောင်သည့် (၅၅)နှစ်မြောက် နှစ်လည်းဖြစ်ပါကြောင်း၊ သံအဆက်အသွယ်ထူထောင်ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်နိုင်ငံ အတူတကွ အတည်ပြုခဲ့သော ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်အပေါ် အခြေခံကာ အဆက်မပြတ် တိုးတက်နေပါကြောင်း၊ တရုတ်ပြည်သစ်ကိုထူထောင်ပြီးနောက်ပိုင်း မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ပထမဆုံး အသိအမှတ်ပြုသည့်နိုင်ငံများထဲတွင် တစ်နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အခြားမိတ်ဆွေနိုင်ငံများနှင့်အတူ မိမိတို့အား တန်ဖိုးကြီးမားသည့် ထောက်ခံမှုပေးခဲ့သည်ကို တရုတ်ပြည်သူပြည်သားများ အနေဖြင့် မည်သည့်အခါမျှ မေ့နိုင်မည်မဟုတ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခြင်းသည် တရုတ်နိုင်ငံ နိုင်ငံခြားရေးပေါ်လစီတွင် အရေးကြီးသည့် အစိတ်အပိုင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာအခြေအနေ မည်သို့ပင်ပြောင်းလဲသည့်ဖြစ်စေ ယင်းပေါ်လစီသည် ပြောင်းလဲမည်မဟုတ်ပါကြောင်း။

မြန်မာနိုင်ငံအစိုးရသည် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အစဉ်အမြဲကျင့်သုံးပါကြောင်း၊ မိမိတို့က များစွာချီးကျူးပါကြောင်း၊ တရုတ်နိုင်ငံအား ဆက်လက်၍ ထောက်ခံပေးသွားမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း၊ အဆွေတော်က မိမိအား မြန်မာနိုင်ငံသို့အလည်အပတ်လာရောက်ရန် ဖိတ်ကြားသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်ဝန်ကြီးချုပ်အနေဖြင့် တရုတ်နိုင်ငံသို့ တရားဝင်အလည်အပတ် ယခုနှစ်အတွင်း အဆင်ပြေသည့်အချိန်တွင် လာရောက်ရန် ဖိတ်ကြားပါကြောင်း။

တရုတ်နိုင်ငံအစိုးရသည် တရုတ်–မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို အလေးထားပါကြောင်း၊ တရုတ်နိုင်ငံရှိ အင်အားကောင်းသော ကုမ္ပဏီများ၊ လုပ်ငန်းများကို မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မိမိအနေဖြင့် အမြဲတိုက်တွန်းလျက်ရှိပါကြောင်း။

အလေးထားစဉ်းစားမည်

မြန်မာနိုင်ငံဘက်ကလည်း ရင်းနှီးမြှုပ်နှံမှုဝန်းကျင် တိုးတက်ကောင်းမွန်လာအောင် ကြိုးစားပေးရန် တိုက်တွန်းပါကြောင်း၊ တရုတ်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ရာ၌ အဆင်ပြေစေရန်လည်း ဆောင်ရွက်ပေးစေလိုပါကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဆိုပြုချက်များကို အလေးထားကာ စဉ်းစားသွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ နှစ်နိုင်ငံဆက်သွယ်ရေးကဏ္ဍ အတူတကွ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံနယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးတို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ တည်ဆောက်ရေးအတွက် အကူအညီပေးမည်ဖြစ်ကြောင်း၊ တိုက်ကြီးဓာတ်မြေသြဇာစီမံကိန်းအတွက် သက်ဆိုင်ရာသို့ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ပေါင်းလောင်းအဆင့်(၂) လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းအတွက် အထောက်အပံ့ ပေးသွားမည်ဖြစ်ကြောင်း၊ ပေနက် ရေနံတွင်းတူးစက်ကိစ္စ အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်မှုကို နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ ပြောင်းလဲရေးကိုလက်ခံပါကြောင်း၊ နှစ်နိုင်ငံမှ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ဆက်လက်၍ တရုတ်နိုင်ငံ၏ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး သဘောထားအမြင်ကို ရှင်းလင်းတင်ပြပြီး တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မည်သည့်အခါတွင်မျှ ဝင်ရောက်စွက်ဖက်ခြင်းပြုမည်မဟုတ်ဘဲ မြန်မာအစိုးရနှင့် မြန်မာပြည်သူလူထုတို့၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းတည်ဆောက်နေမှုအပေါ် အစဉ်အမြဲ ထောက်ခံနေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စီးပွားရေးနှင့် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲကို ဆွေးနွေးပွဲခန်းမရှေ့၌ ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအန်မင်တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စီးပွားရေးနှင့် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ကျင်းပမည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာလျူပင်း ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မြန်မာကောင်စစ်ဝန်ချုပ် ရုံးမှ အမျိုးသားငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်၍ ဂါရဝပြုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ကူမင်းမြို့သို့ရောက်ရှိ

ရန်ကုန် ဇူလိုင် ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပမည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်း နိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇူလိုင် ၃ရက် မွန်းတည့် ၁၂နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန်ညနေ ၄နာရီ မိနစ် ၂၀တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာလျူပင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ယာယီကောင်စစ်ဝန်ချုပ် ဦးဟောက်ဒိုဆွမ်းနှင့် ဝန်ထမ်းများ၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုပန်းစည်းပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ အမျိုးသားငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်၍ ဂါရဝပြုသည်။

ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ခေတ္တတည်းခိုမည့် Expo Garden Hotel သို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် မဲခေါင်ဒေသတွင်း စီးပွားရေးအစီအစဉ် အရေးပါလာ စီးပွားရေးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကသော့ချက်ဖြစ် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ရှင်သန်စေရေး နိုင်ငံအစိုးရများအနေဖြင့် စနစ်တကျမြှင့်တင် ကြွယ်ဝသောသဘာဝနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် အတူလက်တွဲဆောင်ရွက်

ရန်ကုန် ဇူလိုင် ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇူလိုင် ၄ရက် မွန်းလွဲ ၂နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Green Lake Hotel Golden Grand Ballroom ၌ကျင်းပသော ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်၍ အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝန်ကြီးများ၊ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ဥက္ကဋ္ဌ မစ္စတာလျူဘာင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး မစ္စတာဘိုင်အင်ပီး၊ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာရှီယုံခိုင်၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာလျူပြင်း၊ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများရှိ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများ မကြုံစဖူး ကြီးမြင့်မှုကြောင့် အခြားသော စွမ်းအင်အရင်းအမြစ်များ ရှာဖွေရန်နှင့် စွမ်းအင်ဆိုင်ရာ စွမ်းဆောင်ရည်တိုးမြှင့်ရေးတို့အတွက် ဂျီအမ်အက်စ် ဒေသတွင်းသာမက ဒေသတစ်ခုလုံးတွင် စွမ်းအင်ကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန် လိုအပ်။

တွေ့ဆုံဆွေးနွေးပွဲတွင် ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းအဖွဲ့များ ပါဝင်ဆောင်ရွက်မှုဆိုင်ရာတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများက စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး ပြောကြားကြသည်။

ဆွေးနွေးပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းက အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ပြန်လည် ဆွေးနွေးပြောကြားရာတွင် ယခုဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားခွင့်ရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ မိမိအနေနှင့် အခြေခံအဆောက်အအုံ ပိုမိုကောင်းမွန်ရေးကိစ္စရပ်အပေါ် မှတ်ချက်ပြုလိုပါကြောင်း၊ အခြေခံအဆောက်အအုံ ပိုမိုကောင်းမွန်ရေးနှင့်စပ်လျဉ်း၍ အစုအဖွဲ့ဆွေးနွေးမှုအပေါ် ကမ္ဘောဒီးယားနိုင်ငံ ကုန်သည်များအသင်းကိုယ်စားလှယ်မှ အစီရင်ခံစာတင်ပြမှုကို ကျေးဇူးတင်ပါကြောင်း ပထမဦးစွာ ပြောကြားလိုပါကြောင်း။

မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် မဲခေါင်ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် အရေးပါသောအခန်းမှ ပါဝင်လာပါကြောင်း။

မဲခေါင်အစီအစဉ်သည် ပို့ဆောင်ရေးနှင့် စွမ်းအင်ကဲ့သို့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုဖြင့် စတင်ခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှု စသည့် လူမှုရေးကဏ္ဍများကို ပိုမိုချဲ့ထွင်ခဲ့ပါကြောင်း၊ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းအတွက် အခြားသော ရုပ်ဝတ္ထုဆိုင်ရာမဟုတ်သည့် အတားအဆီးများနှင့် နည်းဥပဒေပေါ်လစီကိစ္စရပ်များကို ဖြေရှင်းရန်ရှိပါကြောင်း၊ သို့သော်လည်း စီးပွားရေးတိုးတက်မှုအတွက် အခြေခံအဆောက်အအ[...] သော့ချက်ဖြစ်ပါကြောင်း။

မဟာဗျူဟ[...]

လွန်ခဲ့သော နှစ်များအတွင်း ဒေ[...]
အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်[...]
စတင်ကာ အခြားသော စီမံကိန်းများနှင့် အ[...]
အကောင်အထည်ဖော်မှုများမှ ဒေသတွင်[...]
ဆက်သွယ်မှုကို ပိုမိုခိုင်မာစေပါကြောင်း၊[...]
ဆောင်ရွက်နည်းဖြင့် ဂျီအမ်အက်စ်နိုင်ငံမျ[...]
ဆက်သွယ်မှု ပိုမိုခိုင်မာရေးသည် ဂျီအမ်[...]
အရေးပါသော မဟာဗျူဟာဖြစ်ပါကြော[...]

လူနှင့် ကုန်စည်များနယ်စပ်ဖြတ်ကျေ[...]
နည်းဥပဒေမှုဘောင် တိုးတက်ခြင်းဖြင့် ပို့[...]
တွင် ရင်းနှီးမြှုပ်နှံမှုကို ပြည့်စုံစေနိုင်ပါကြော[...]
ပို့ဆောင်မှု သဘောတူညီချက်၏ မူဘောင်[...]
အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းမှ[...]
ချောမွေ့စေရေး၊ လူ့စွမ်းအားအရင်းအမြစ်[...]
ဂျီအမ်အက်စ် ခြောက်နိုင်ငံမှ လက်မှတ်ရေ[...]
တူညီချက်တွင် နောက်ဆုံးကျန်ရှိသည့်[...]
စာချုပ်ငယ်များ အပြီးသတ်ရန် ဆော[...]
ဂျီအမ်အက်စ်ဝန်ကြီးများက အချို့နောက်[...]
တို့ကို ယခု ထိပ်သီးအစည်းအဝေးတွင် [...]

ထို့ပြင် ဒေသအတွင်း ဆက်သွယ်[...]
ကြောင်း၊ ဂျီအမ်အက်စ် သတင်းအချ[...]

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နို[...]
စိုးဝင်း မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ[...]
ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိ[...]
သမ္မတနိုင်ငံ ကူမင်းမြို့ရှိ** Green Lake H[...]
GMS Telecom Development Exh[...]
ထားသော မြန်မာနိုင်ငံပြခန်းကို ကြည့်[...]

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲတွင် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် တည်ခင်းဧည့်ခံသည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား တက်ရောက်စဉ်။ (သတင်းစဉ်)

တိုးတက်မှုအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကသော့ချက်ဖြစ်ပါကြောင်း။

မဟာဗျူဟာ

လွန်ခဲ့သော နှစ်များအတွင်း ဒေသတွင်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း၊ ၁၉၉၂ခုနှစ်မှ စတင်ကာ အခြားသော စီမံကိန်းများနှင့် အခြေခံအဆောက်အအုံအစီအစဉ်များ အကောင်အထည်ဖော်မှုများမှ ဒေသတွင်း ခြောက်နိုင်ငံအကြား စီးပွားရေးဆက်သွယ်မှုကို ပိုမိုခိုင်မာစေပါကြောင်း၊ ထို့ပြင် ဘက်စုံကဏ္ဍစုံ ချဉ်းကပ်ဆောင်ရွက်နည်းဖြင့် ဂျီအမ်အက်စ်နိုင်ငံများအကြား အခြေခံအဆောက်အအုံ ဆက်သွယ်မှု ပိုမိုခိုင်မာရေးသည် ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင်၏ အရေးပါသော မဟာဗျူဟာဖြစ်ပါကြောင်း။

လူနှင့် ကုန်စည်များနယ်စပ်ဖြတ်ကျော်မှု လွယ်ကူချောမွေ့စေရေးအတွက် နည်းဥပဒေမူဘောင် တိုးတက်ခြင်းဖြင့် ပို့ဆောင်ရေး အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှုကို ပြည့်စုံစေနိုင်ပါကြောင်း၊ ဂျီအမ်အက်စ် နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု သဘောတူညီချက်၏ မူဘောင်သဘောတူညီချက်တွင် ပါဝင်သည့် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နယ်စပ်ဖြတ်ကျော်မှု လွယ်ကူချောမွေ့စေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် ဂျီအမ်အက်စ် ခြောက်နိုင်ငံမှ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ မူဘောင်သဘောတူညီချက်တွင် နောက်ဆုံးကျန်ရှိသည့် နောက်ဆက်တွဲများနှင့် အခြေပြစာချုပ်ငယ်များ အပြီးသတ်ရန် ဆောင်ရွက်နေပါကြောင်း၊ သက်ဆိုင်ရာ ဂျီအမ်အက်စ်ဝန်ကြီးများက အချို့နောက်ဆက်တွဲများနှင့် အခြေပြစာချုပ်ငယ်တို့ကို ယခု ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးရန် ရှိပါကြောင်း။

ထို့ပြင် ဒေသအတွင်း ဆက်သွယ်ရေးကွန်ရက်ကို တည်ထောင်နိုင်ခဲ့ကြောင်း၊ ဂျီအမ်အက်စ် သတင်းအချက်အလက် ဆက်သွယ်ရေးအမြန်ဆက်ကြောင်းကြီး တည်ဆောက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် စီမံဆောင်ရွက်ရန် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာ နားလည်မှုစာလွှာကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလအတွင်းက လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ဂျီအမ်အက်စ် သတင်းအချက်အလက်လမ်းမကြီး တည်ဆောက်ရေးလုပ်ငန်း စီမံဆောင်ရွက်ရန်နှင့် တည်ဆောက်တပ်ဆင်မှုဆိုင်ရာ နားလည်မှုစာလွှာကို လက်မှတ်ရေးထိုးရန် ရှိပါကြောင်း၊ ဂျီအမ်အက်စ်နိုင်ငံများကြား ဆက်သွယ်လျက်ရှိသည့် စရိတ်သက်သာသည့် ဖိုင်ဘာကေဘယ်စနစ်ကို ဖြစ်ပေါ်စေပါကြောင်း၊ အခြားသော အဓိကအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဆောင်ရွက်ရန် ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားကွန်ရက်စနစ် ဖွံ့ဖြိုးရေး၊ ဒေသဆိုင်ရာစွမ်းအင် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတိုးမြှင့်ရေး၊ မဲခေါင်မြစ်ဝှမ်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုနှင့် ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးမှုတို့ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား

ဒေသခွဲတွင်းရှိ သဘာဝအရင်းအမြစ်များကို အသုံးပြု၍ ဖွံ့ဖြိုးတိုးတက်မှုတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဂျီအမ်အက်စ်နိုင်ငံများအနေဖြင့် အဓိကအကျိုးအမြတ်များ ရရှိနိုင်ပါကြောင်း၊ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖြန့်ဖြူးရေးတို့တွင် ဒေသခွဲအတွင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား စရိတ်စကကို လျှော့ကျစေပြီး ဖြန့်ဖြူးမှုကို ပိုမိုတည်ငြိမ်စေပါကြောင်း၊ ၂၀၀၂ခုနှစ် ပထမအကြိမ် မဲခေါင်ထိပ်သီးအစည်းအဝေးတွင် ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အား ကုန်သွယ်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါ ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အား ကုန်သွယ်ဆောင်ရွက်မှုလုပ်ငန်း သဘောတူညီချက်အဆင့်(၁) အကောင်အထည်ဖော်ရေးအတွက် လမ်းညွှန်ချက်များဆိုင်ရာ နားလည်မှုစာလွှာကို ယခုထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးရန် ရှိပါကြောင်း၊ မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အား၊ ကုန်သွယ်မှု သဘောတူညီချက်များရရှိရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများ မကြုံစဖူး ကြီးမြင့်မှုကြောင့် အခြားသော စွမ်းအင်အရင်းအမြစ်များရှာဖွေရန်နှင့် စွမ်းအင်ဆိုင်ရာ စွမ်းဆောင်ရည် တိုးမြှင့်ရေးတို့အတွက် ဂျီအမ်အက်စ်ဒေသတွင်းသာမက ဒေသတစ်ခုလုံးတွင် စွမ်းအင်ကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန် လိုအပ်ပါကြောင်း။

ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင်အောက်တွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကကဏ္ဍဖြစ် သတ်မှတ်မှုကို ထောက်ခံပါကြောင်း၊ သို့သော်လည်း အခြေခံအဆောက်အအုံစီမံကိန်းများသည် အရင်းအနှီးကြီးမားပါကြောင်း၊ ဂျီအမ်အက်စ်အစီအစဉ်အတွက် အဓိကစိန်ခေါ်မှုဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်မှုတိုးတက်ရေးသည် အရေးပါသော စိန်ခေါ်မှုဖြစ်ပါကြောင်း။

အချို့သော အခြေခံအဆောက်အအုံ စီမံကိန်းများ တိုးတက်နေမှုများကို အားရဖွယ် တွေ့မြင်ရမှာဖြစ်ပါကြောင်း၊ ဂျီအမ်အက်စ်အတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်နေမှုများသည် ကျွန်ုပ်တို့၏ ပူးတွဲဆောင်ရွက်မှု၏ရလဒ်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက် လုပ်ငန်းအဆင့်တိုင်းတွင် မဆုတ်မနစ် ကြိုးစားဆောင်ရွက်မှုများအတွက် အထူးကျေးဇူးတင် ဂုဏ်ယူရမည်ဖြစ်ပါကြောင်း၊ သို့သော် အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြံပေးမှု၊ ငွေကြေးနှင့် ကျွမ်းကျင်မှု အကူအညီထောက်ပံ့မှုများမရှိလျှင် အောင်မြင်ရန် ခက်ခဲနိုင်ပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ ထောက်ပံ့ကူညီမှုများကို ကျေးဇူးတင်ရှိပါကြောင်း။

ဂျီအမ်အက်စ်တွင်း ပြည့်စုံစွာ ဆက်သွယ်နိုင်ရေးအတွက် ကြီးမားစွာထည့်ဝင်ရေး၊ စွမ်းဆောင်ရည် ပိုမိုမြင့်မားရေးနှင့် ပိုမိုအားထုတ်ဆောင်ရွက်ရန် ဂျီအမ်အက်စ်နိုင်ငံများကို တိုက်တွန်းလိုပါကြောင်း၊ တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးဂရုပြုပါရန် အဖွဲ့ဝင်နိုင်ငံများကို ပြောကြားလိုပါကြောင်း။

အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးတို့သည် ဒေသခွဲအတွင်း ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်ရေးတို့အတွက် မရှိမဖြစ် လိုအပ်ပါကြောင်း၊ ဒေသခွဲခြောက်နိုင်ငံ၏ မူဝါဒအခြေအနေတို့သည် စီးပွားရေးဆောင်ရွက်မှုများကို ပိုမိုစွမ်းဆောင်ရည်ရှိပြီး ကုန်ထုတ်စွမ်းအား ပိုမိုတိုးတက်ကာ အကျိုးအမြတ်များ ရရှိစေပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ရှင်သန်စေရေးအတွက် နိုင်ငံအစိုးရများအနေဖြင့် စနစ်တကျ မြှင့်တင်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ဒေသတွင်းရှိကြွယ်ဝသောသဘာဝနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ဖန်တီးဆောင်ရွက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍသည် အဓိကကျပါကြောင်း၊ ရည်မှန်းချက်များ အောင်မြင်ရန် အတူလက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က နိဂုံးချုပ်မိန့်ခွန်းပြောကြားသည်။

ကြည့်ရှုလေ့လာ

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ Green Lake Hotel ၌ ခင်းကျင်းပြသထားသည့် GMS Telecom Development Exhibition ပြပွဲကို ကြည့်ရှုလေ့လာပြီး မြန်မာနိုင်ငံပြခန်းကိုလည်း ဝင်ရောက်ကြည့်ရှုသွားသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Green Lake Hotel ၌ ခင်းကျင်းပြသထားသည့် GMS Telecom Development Exhibition ပြပွဲတွင် ခင်းကျင်းပြသထားသော မြန်မာနိုင်ငံပြခန်းကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ တက်ရောက်

ရန်ကုန် ဇူလိုင် ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇူလိုင် ၄ရက် ညနေ ၆နာရီခွဲတွင် ယူနန်ပြည်နယ် ကူမင်းမြို့ Yunnan Expo Ji Xin Banquet Dancing ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က တည်ခင်းဧည့်ခံသည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ကမ္ဘောဒီယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း သံစုံတီးဝိုင်းမှ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်သည်။ ညစာသုံးဆောင်အပြီးတွင် ပဒေသာကပွဲဖြင့် ဖျော်ဖြေတင်ဆက်သည်။ (သတင်းစဉ်)

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်း ဒေသတိုးတက်ဖြစ်ထွန်းမှုကို အထောက်အကူပြုမည့် နည်းပညာရပ်များကို တက္ကသိုလ်၊ ကောလိပ်အသီးသီးက ဒေသခံများအားသင်ကြားပေးနိုင်ရန် စီစဉ်ဖော်ထုတ်

ရန်ကုန် ဇူလိုင် ၅

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ပညာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးကရှေ့ဆောင်ပြီး အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် ယနေ့အချိန်အခါနှင့်လျော်ညီစွာ ပညာရေးကဏ္ဍကိုမြှင့်တင်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် စွမ်းဆောင်ပေးနိုင်သည့်အပြင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကိုစောင့်ရှောက်မြှင့်တင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံတွင် ထုနှင့်ထည်နှင့် အခိုင်အမာဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရက အထူးအလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အကျိုးရလဒ်ကောင်းများ

အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများအရ လူငယ်လူရွယ်များကို ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းများ ပိုမိုရရှိစေရအောင်၊ ပညာရေးအရည်အသွေး မြင့်မားစေရအောင် ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများဖြင့် လေ့လာသင်ယူနိုင်စေရန် နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့်လျော်ညီစွာ ပညာရပ်အမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုးကို ရွေးချယ်သင်ယူနိုင်စေရန် ပညာရေးမြှင့်တင်မှု အစီအမံများ၊ ပညာရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့်အလျောက် ယခုဆိုလျှင် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ များစွာရရှိနေပြီဖြစ်ကြောင်း။

ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တိုးပွားလာစေမည့် တက္ကသိုလ်၊ ကောလိပ်များ တိုးတက်ဖြစ်ထွန်းလာမှုကိုကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ် မတိုင်မီကာလက တက္ကသိုလ်၊ ကောလိပ် ၃၂ခုသာရှိခဲ့ရာက ယခုဆိုလျှင် တက္ကသိုလ်၊ ကောလိပ် ၁၅၆ခု ရှိလာခဲ့ပြီဖြစ်ကြောင်း။

ယခင်ခေတ်ကာလက တက္ကသိုလ်၊ ကောလိပ်များသည် ဝိဇ္ဇာနှင့် သိပ္ပံ၊ နည်းပညာ၊ ဆေးပညာ၊ သစ်တော စသည့် ကဏ္ဍအနည်းငယ်ကိုသာ အခြေပြုထူထောင်ထားသော်လည်း ယခုအခါတွင် ကွန်ပျူတာ၊ ရေကြောင်းပညာ၊ လေကြောင်းနှင့် အာကာသပညာ၊ ယဉ်ကျေးမှု၊ သမဝါယမစသည့် ပညာရပ်များအလိုက် သီးခြားတက္ကသိုလ်၊ ကောလိပ်များ တိုးပွားဖြစ်ထွန်းလာသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

သာဓကအနေဖြင့်ပြောရလျှင် ဆေးပညာရပ်များနှင့်ပတ်သက်ပြီး ယခုအခါတွင် ဆေးတက္ကသိုလ်ငါးခု၊ သွားဘက်ဆိုင်ရာတက္ကသိုလ်နှစ်ခု၊ သူနာပြုတက္ကသိုလ်နှစ်ခု၊ ဆေးဘက်ပညာသည်တက္ကသိုလ်နှစ်၊ သူနာပြုနှင့် ဆေးဘက်ပညာသည် တက္ကသိုလ်တစ်ခု၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်နှစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ်တစ်ခုစသည်ဖြင့် ပညာရပ်အလိုက် သီးခြားတက္ကသိုလ်များ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

အလားတူပင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ နည်းပညာတက္ကသိုလ်လေးခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်တစ်ခု၊ အစိုးရ နည်းပညာကောလိပ် ၂၆ခု၊ အစိုးရကွန်ပျူတာကောလိပ် ၂၄ ခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ၁၁ခု အထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်ပေးနေသကဲ့သို့ အဆင့်မြင့်ပညာအရည်အသွေးမြင့်မားရေးအတွက်လည်း ခေတ်မီသင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ ကွန်ပျူတာနှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ ကွန်ရက်စနစ်များ၊ နိုင်ငံတကာအဆင့်မီ အလုပ်ရုံများနှင့် ဓာတ်ခွဲခန်းများ၊ နိုင်ငံတကာအဆင့်မီစာကြည့်တိုက်များ၊ အီလက်ထရွန်းနစ်စာကြည့်တိုက်များ၊ ခေတ်မီသုတေသနဌာနများကိုပါ တက္ကသိုလ်နှင့် ကောလိပ်များတွင် ဖြည့်တင်းထူထောင်ပေးခဲ့ပြီး ပေးနေဆဲဖြစ်ကြောင်း။

နိုင်ငံတကာသိပ္ပံနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများနှင့်အညီ တိုးပွားပေါ်ထွန်းလာသည့် ပညာရပ်များ၊ ပညာရပ်ခွဲများကို Cross -disciplinary and Inter-disciplinary ချဉ်းကပ်နည်းအရ ပေါင်းစပ်ဘာသာရပ်များ တီထွင်သင်ကြားပေးလျက်ရှိသည့်အတွက် ရွေးချယ်အထူးပြုသင်ယူနိုင်သည့် ပညာခက်ဖြာ အခွင့်အလမ်းများလည်း တိုးပွားလျက်ရှိနေပြီဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်နှင့် ကောလိပ်များတွင် ယခင်ခေတ်ကာလက ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းနှင့် မဟာဘွဲ့သင်တန်းအစီအစဉ် ၇၉ ခုသာရှိခဲ့ရာမှ ယခုအခါတွင် မဟာသုတေသနဘွဲ့ အစီအစဉ် ၂၄ခု၊ ပါရဂူဘွဲ့ အစီအစဉ် ၂၁ခု အသစ်တိုးပွားလာမှု အပါအဝင် ပထမဘွဲ့၊ ဂုဏ်ထူးတန်းဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့ အစီအစဉ် ၁၉၂ခုအထိ ရှိလာခဲ့ပြီဖြစ်သဖြင့် သင်တန်းအစီအစဉ်ပေါင်း ၁၁၃ ခု တိုးပွားလာခြင်းပင် ဖြစ်ကြောင်း။

ထို့အပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများက ဖွင့်လှစ်ထားသည့် လက်မှတ်ရသင်တန်း၊ ဘွဲ့ကြိုဒီပလိုမာသင်တန်း၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းနှင့် မဟာဘွဲ့သင်တန်း ၁၇၃ ခုရှိသဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များတွင် သင်တန်းအစီအစဉ်ပေါင်း ၃၆၅ခု တည်ရှိနေပြီဆိုသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

အလားတူပင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များတွင် ပုံမှန် ဘွဲ့ကြိုသင်တန်းများ၊ ဂုဏ်ထူးတန်းသင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာ သင်တန်းများအပြင် ပါရဂူဘွဲ့ သင်တန်းအစီအစဉ်လေးခု၊ မဟာဘွဲ့ သင်တန်းအစီအစဉ် ၁၅ခု၊ B.E. Aerospace) အစီအစဉ်တစ်ခုတို့ကို ဖွင့်လှစ်ထားနိုင်နေပြီဖြစ်ကြောင်း။

ဆေးပညာရပ်များ တိုးတက်သင်ကြားနိုင်မှုကိုကြည့်မယ်ဆိုလျှင်လည်း ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်များတွင် နိုင်ငံတကာအဆင့်မီဘွဲ့လွန်ဆေးပညာသင်တန်းများအနေဖြင့် ဆေးပညာမဟာသိပ္ပံသင်တန်း ၂၉မျိုး၊ ဘွဲ့လွန်ဒီပလိုမာသင်တန်း ၂၈မျိုး၊ ဆေးလက်တွေ့ပါရဂူဘွဲ့ သင်တန်း ၃၀မျိုး၊ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်း ခုနစ်မျိုးတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိနေပြီဖြစ်ကြောင်း။

သာဓကအဖြစ် ထုတ်နုတ်ပြောကြားခဲ့သည့် တိုးတက်ဖြစ်ထွန်းမှုများကိုကြည့်လျှင် အဆင့်မြင့်ပညာကဏ္ဍတွင် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းမျှော်မှန်းချက်များနှင့်အညီ အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာရည်မှန်းချက်များ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို ထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယနေ့ အဆင့်မြင့်ပညာကဏ္ဍတွင် ရရှိဖြစ်ထွန်းနေသည့် အောင်မြင်တိုးတက်မှုများသည် တက္ကသိုလ်နှင့်ကောလိပ် ကျောင်းသူ၊ ကျောင်းသားများ၏ အကျိုးအတွက်သာမက တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအတွက် ပညာအရည်အသွေး မြင့်မားစေနိုင်သည့် အခြေခံကောင်းများ၊ အလုပ်အကိုင်ရာထူး တိုးတက်စေနိုင်သည့် အခွင့်အလမ်းကောင်းများ၊ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် အခြေအနေကောင်းများကိုပါ တိုးပွားဖြစ်ထွန်းစေလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အဆင့်မြင့်ပညာကဏ္ဍ၏ တိုးတက်အောင်မြင်မှု အခြေခံကောင်းများကို ထပ်ဆင့်မြှင့်တင်ပြီး အဆင့်မြင့်ပညာကဏ္ဍ၊ တစ်နည်းအားဖြင့် တက္ကသိုလ်၊ ကောလိပ်များနှင့် သက်ဆိုင်ရာဒေသ၏ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု (Community Development) အပြန်အလှန် ဆက်စပ်အကျိုးဖြစ်ထွန်းစေနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်ကြောင်း။

တက္ကသိုလ်၊ ကောလိပ်များ တည်ရှိရာဒေသ၏ ရေမြေသဘာဝ သယံဇာတနှင့် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ထောက်ရှုပြီး သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် ပညာရပ်များ အထူးပြုသင်ကြားပေးမှုများ၊ အထူးပြုသုတေသနလုပ်ငန်းများ ပြုလုပ်စေမှုများကို စီမံအားပေးဆောင်ရွက်လျက်ရှိကြောင်း။

ဥပမာအနေဖြင့်ပြောရလျှင် စိုက်ပျိုးရေးဖြစ်ထွန်းသည့် ဧရာဝတီတိုင်းရှိ ပုသိမ်တက္ကသိုလ်တွင် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေမည့် ဇီဝနည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရှားပါးသည့် မြန်မာ့မျိုးရင်း သစ်ပင်ပန်းမန်များ ပေါများကြွယ်ဝသည့် ကချင်ပြည်နယ်ရှိ မြစ်ကြီးနားတက္ကသိုလ်တွင် မြန်မာ့မျိုးရင်းအပင်အရင်းအမြစ်များ (Plant Resources) ရှာဖွေဖော်ထုတ်မှုဆိုင်ရာ ရုက္ခဗေဒသုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့သည် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက သက်ဆိုင်ရာဒေသနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် အလားအလာကောင်း အခွင့်အလမ်းကောင်းများကိုပါ ဖော်ဆောင်ပေးနိုင်မည် အမှန်ပင်ဖြစ်ကြောင်း။

အလားတူပင် တက္ကသိုလ်၊ ကောလိပ် အသီးသီးအနေဖြင့် သက်ဆိုင်ရာဒေသ၏ ထူးခြားသည့် သဘာဝသယံဇာတ အရင်းအမြစ်များအပေါ် အခြေခံသည့် သုတေသနလုပ်ငန်းများ၊ ဒေသတိုးတက်ဖြစ်ထွန်းမှုကို အထောက်အကူပြုနိုင်မည့် နည်းပညာရပ်များ၊ နည်းပညာများကျွမ်းကျင်မှုများကို ဒေသခံများအား သင်ကြားပေးနိုင်မည့် အစီအစဉ်များ ဖော်ထုတ်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအနေဖြင့် ရှိရင်းစွဲဘာသာရပ်များ၊ သမားရိုးကျသင်ရိုးများကိုသာ ဖက်တွယ်မနေဘဲ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် ပေါင်းစပ်ဘာသာရပ်များ ဖော်ထုတ်ကြရန်၊ သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်ကြရန်၊ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွင် ခေတ်နှင့်အမီလိုက်နိုင်ရေးအတွက် ဆန်းစစ်တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးသန်းအောင်နှင့် အဖွဲ့ဝင်များသည် သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမ စုစုပေါင်း ၆၂၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)



မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမဦကျင်းပရာ သဘာပတိ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေး ဂုဏ်ပြုအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဝရမ်းပြေး၊ ပြည်ပြေးများ၏ မခိုင်လုံသော မဟုတ်မမှန် လုပ်ကြံသတင်းများကို နယ်စပ်မှ အကြမ်းဖက်သောင်းကျန်းသူ အဆက်အနွယ်များ၊ ဒုက္ခသည်အမည်ခံ အရေခြုံများထံမှ အတည်ပြုသယောင် ဖန်တီးလုပ်ဇာတ်ထွင်နေကြ

❒ **ကျော့ဖုံးမှ**

အခမ်းအနားတွင် သဘာပတိအဖြစ် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်စုမေ၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းသန်းနွယ်၊ ဘဏ္ဍာရေးနှင့်အခွန်ဌာန ဌာနမှူး ဒေါ်နုနုရီနှင့် စည်းရုံးရေးမှူး ဒေါ်မေဝင်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မွန်းဂျာနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လဇတ်လွမ်းညွှယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြစ်သော **"အင်အားသစ်များနှင့်အတူ"** အဖွင့် တေးသီချင်းဖြင့် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက သီဆိုဂုဏ်ပြုကာ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများနေ့သည် မိမိတို့မြန်မာအမျိုးသမီးများအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး အနှစ်သာရအားဖြင့် လေးနက်လှကြောင်း၊ မြန်မာအမျိုးသမီးများနေ့သည် မြန်မာအမျိုးသမီး ၂၇ သန်းကျော်ကို ကိုယ်စားပြုသည့်နေ့ဖြစ်ကြောင်း၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းကိုကွက်ပြီး အထူးပြုပြီး ဆောင်ရွက်ခြင်းမဟုတ်ကြောင်း။

မြန်မာအမျိုးသမီးများနေ့ရဲ့ ဆောင်ပုဒ်များဖြစ်သည့် **"မြန်မာအမျိုးသမီးများ ပေါင်းစည်းအားထင်ရှားစွမ်းဆောင်ရည်၊ ဇူလိုင် ၃ရက် လက်ချင်းယှက် မပျက်ကမ္ဘာတည်"** ဆိုသည့် ဆောင်ပုဒ်နှင့် **"ဝံသာနုတရားလက်ကိုင်ထားခိုင်မာအင်အားမြန်မာအမျိုးသမီးများ"** ဆိုသည့် ဆောင်ပုဒ်များသည် အဓိပ္ပာယ်များစွာ လေးနက်ကျယ်ဝန်းနက်ရှိုင်းလှကြောင်း။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားအောင် အမျိုးသားရေးစရိုက်လက္ခဏာထိန်းသိမ်းသည့် လူမျိုးများကသာ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားထည်ဝါစွာ မိမိနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းသည့်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားသည့် ဝံသာနုရက္ခိတတရားသည် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အသက်ဝိညာဉ်ပင်ဖြစ်ကြောင်း၊ မြေမျို၍လူမျိုးမပျောက်၊ လူမျိုးမှ လူမျိုးပျောက်မည်၊ စောင့်လေမျိုးနွယ်ဆိုသည့်အချက်ကို မီးမောင်းထိုးပြသကဲ့သို့ဖြစ်ကြောင်း၊ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည့် တာဝန်၊ မျိုးနွယ်ကို စောင့်ထိန်းရမည့်တာဝန်သည် မိမိတို့မြန်မာအမျိုးသမီးများ၏ မွေးရာပါတာဝန် လက်ဆင့်ကမ်းအမွေပင်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးများ အေးအတူပူအမျှ အတူတကွ ချစ်ကြည်ရင်းနှီးစွာဖြင့် အတူယှဉ်တွဲနေထိုင်သည့် ချမ်းမြေ့သာယာလှပသော ပြည်ထောင်စုအိမ်ဂေဟာကြီး၊ ရောင်စုံပန်းအလှများ ဖူးပွင့်ဝေဆာနေသည့် ပြည်ထောင်စုပန်းဥယျာဉ်ကြီးဖြစ်ကြောင်း၊ ရှေးနှစ်ပေါင်းများစွာကတည်းက စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုများဖြင့် ပေါင်းစည်းယှက်နွယ် အတူတကွ နေထိုင်ခဲ့ကြကြောင်း။

ယနေ့ မြန်မာနိုင်ငံတွင်ရရှိနေသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကောင်းများနှင့် နိုင်ငံတော်၏ မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် ဒို့တာဝန်အရေး(၃)ပါးကို ခံယူရင်း၊ နိုင်ငံအကျိုး၊ အမျိုးသမီးများ အကျိုးဆောင်ရွက်ရေး၊ အမျိုးသားရေးတာဝန်ထမ်းဆောင်ရေးတို့အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး တစ်စိတ်တည်းတစ်ဝမ်းတည်း စုစည်းညီညွတ်စွာ လှုပ်ရှားသွားနိုင်စေရန် ဦးဆောင်အကောင်အထည်ဖော်လျက်ရှိကြောင်း။

အမျိုးသမီးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ တောင်သူလယ်သူမများ၊ အလုပ်သမများ၊ တိုင်းရင်းသူများ၊ အရပ်သူများ၊ အခြားသောလူမှုရေးအသင်းများမှ အဖွဲ့ဝင်များစသည့် အလွှာစုံကဏ္ဍစုံမှ အမျိုးသမီးများသည် တူညီသည့်ရည်မှန်းချက်ကိုအခြေခံပြီး တူညီသောခံယူချက်ဖြစ်ထွန်းလာအောင် စည်းရုံးဦးဆောင်ဆောင်ရွက်ရင်း နိုင်ငံအကျိုး၊ အမျိုးသမီးများအကျိုး၊ ပြည်သူ့ အကျိုးကို စုစည်းညီညွတ်စွာဆောင်ရွက်နေကြကြောင်း။

နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးများက ဦးတည်ချက်၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူပူးပေါင်းပြီး ဘက်စုံထောင့်စုံမှ နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိမိတို့မြန်မာအမျိုးသမီးများကလည်း ကျရာအခန်းကဏ္ဍမှ မိဘမောင်ဖား၊ ခင်ပွန်းများနှင့်အတူ မောင်တစ်ထမ်းမယ်တစ်ရွက် ပါဝင်ဆောင်ရွက်နေကြကြောင်း။

ယင်းသို့ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေသည်ကို မလိုလားမရှုဆိတ်သူများက အခြေအမြစ်မရှိသည့်ပုဂ္ဂိုလ်၊ ဆန့်ကျင်ဘက်အဖွဲ့အစည်း၊ ဝရမ်းပြေး၊ ပြည်ပြေးများ၏ မခိုင်လုံသော မဟုတ်မမှန် လုပ်ကြံသတင်းများကို နယ်စပ်မှ အကြမ်းဖက်သောင်းကျန်းသူ အဆက်အနွယ်များ၊ ဒုက္ခသည်အမည်ခံ အရေခြုံများထံမှ အတည်ပြုသယောင် ဖန်တီးလုပ်ဇာတ်ထွင်နေကြကြောင်း၊ မိုးလုံးပြည့်မုသာဝါဒများကို ပြည်ပမီဒီယာများက နေ့စဉ်အချိန်ကိုက် ထုတ်လွှင့်နေကြောင်း၊ ILO စင်မြင့်ကိုသုံး၊ စီးပွားရေးပိတ်ဆို့၊ မူးယစ်ဆေးဝါးဖြင့် အပြစ်ရှာ၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီမျက်နှာဖုံးစွပ် တစ်ဖက်သတ်စွပ်စွဲဆောင်ရွက်နေမှုများကို စိတ်မချမ်းမြေ့စွာ တွေ့မြင်နေရကြောင်း၊ မိမိတို့မြန်မာအမျိုးသမီးများက ယင်းလုပ်ရပ်အားလုံးသည် မရိုးသားဘူးဟု သဘောပေါက်ကြကြောင်း၊ လုံးဝလက်မခံနိုင်ကြောင်း။

ပြည်ပြေးစဝ်ခမ်ဖ၏ ဆန်ကောလောက်မှ ဖောက်မနက်ဘဲ ပြည်ထောင်စုမှ ခွဲထွက်ရန်အကြံဖြင့် ကယောင်ကတမ်းတစ်ရေးနိုးလုပ်ဆောင်မှုများ၊ အေးချမ်းတည်ငြိမ်ခြင်းနှင့် ပြည်သူ့အသက်အိုးအိမ်ကို ထိပါးနှောင့်ယှက်သည့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဗုံးဖောက်ခွဲသည့် အကြမ်းဖက်လုပ်ရပ်များသည် ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်သည့်လုပ်ရပ်များဖြစ်၍ ပြတ်ပြတ်သားသား ဆန့်ကျင်ရှုတ်ချပြီး ပြည်သူ့သဘောထားလေးရပ်ဖြင့် အပြီးအပိုင်ချေမှုန်းသွားကြရမှာဖြစ်ကြောင်း။

မိမိတို့၏အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးဖြစ်ကြောင်း၊ ဒို့တာဝန်အရေး(၃)ပါး၊ ဦးတည်ချက်(၁၂)ရပ်နှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ကိုယ်စားလှယ်များ စုံစုံညီညီဖြင့် ကျင်းပဆောင်ရွက်နေကြောင်း၊ မိမိတို့မြန်မာအမျိုးသမီးများကလည်း နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်ဦးဆောင်မှုအောက်တွင် ဦးတည်ချက်၊ ရည်မှန်းချက်တူညီသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက နိုင်ငံနှင့်အဝန်း ကြီးမှူးကျင်းပခဲ့သည့် လူထုအစည်းအဝေးကြီးများတွင်လည်း မိမိတို့အမျိုးသမီးများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်နေကြကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာအမျိုးသမီးများ၏ စုစည်းညီညွတ်သည့်အားဖြင့် မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မှန်ကန်သည့်ဦးဆောင်မှုဖြင့် နိုင်ငံတော်ကို ကာကွယ်ရန်နှင့် တည်ဆောက်ရန်အတွက်-

- **ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် လက်ဆင့်ကမ်း ခံယူကျင့်သုံးရေး၊**
- **အမိနိုင်ငံတော်တွင် မှန်ကန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်လာစေရေး၊**
- **အမိနိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ရာသက်ပန်ကာကွယ်စောင့်ရှောက်ရေး၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊**

ဦးတည်ချက်များကို ရာသက်ပန်စွဲမြဲခံယူပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အင်ဘရန့်ဒွဲဘူက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မိမိတို့၏ ကချင်ပြည်နယ်သည် အေးချမ်းသာယာလှပပြီး ပြည်ထောင်စုကြီးအတွင်းမှ ပြည်ထောင်စုငယ်လေးအသွင်ဖြင့် တိုင်းရင်းသားလူမျိုးများ အတူတကွ ပေါင်းစည်းချစ်ကြည်စွာ နေထိုင်လျက်ရှိကြကြောင်း။

လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါးစသည့် တိုင်းရင်းသားကချင်မျိုးနွယ်များ၊ ရှမ်းမျိုးနွယ်စုဖြစ်သည့် တိုင်းလေး၊ တိုင်းလှိုင်၊ တိုင်းလုံ၊ တိုင်းခန္တီး၊ တိုင်းဆာနှင့် ဗမာ၊ ချင်း၊ ရခိုင်၊ ကရင်၊ နာဂတိုင်းရင်းသားများ အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုပမာ နှစ်ပေါင်းထောင်ချီ အတူတကွ နေထိုင်လာခဲ့ကြကြောင်း။

ကချင်ပြည်နယ်၏ စိုက်ပျိုးမြေဧရိယာသည် ယခင်က ဧကလေးသိန်းလေးသောင်းကျော်သာရှိခဲ့ရာမှ မျက်မှောက်ခေတ်၌ ဧကငါးသိန်းရှစ်သောင်းကျော်အထိ တိုးမြှင့်လာခဲ့ကြောင်း၊ မိုးစပါး၊ နွေစပါး ယခင်ကထက် နှစ်ဆနီးပါး တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့၍ ဝမ်းစာဖူလုံရုံမျှမက ပိုလျှံလာပြီဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍ အသား၊ ငါးထုတ်လုပ်မှုသည် ယခင်ကထက် သုံးဆတိုးတက် ထုတ်လုပ်လာနိုင်ပြီဖြစ်ကြောင်း။

ဂလိုင်ချောင်၊ ကျိန်ခရမ်ခ၊ နမ်ခမ်းခ အလတ်စားရေအားလျှပ်စစ်စက်ရုံသုံးရုံကို တည်ဆောက်ပေးထားပြီး မလိချောင်း၊ တဘက်ချောင်း အကြီးစားရေအားလျှပ်စစ်စီမံကိန်းနှစ်ခုကို ထပ်မံတည်ဆောက်ပေးလျက်ရှိကြောင်း၊ အခြေခံကျောင်းပေါင်း ၁၃၇ကျောင်း တိုးပွားလာခဲ့ပြီး ဆရာ၊ ဆရာမအင်အား နှစ်ဆတိုးပွားလာခဲ့ကြောင်း၊ ကချင်ပြည်နယ်အတွင်း၌ ကျောင်းသားပေါင်း နှစ်သိန်းရှစ်သောင်းကျော် ပညာဆည်းပူးလျက်ရှိကြောင်း၊ ယခင်က ဒီဂရီကောလိပ်တစ်ခုတည်းရှိခဲ့ရာမှ ယခုတက္ကသိုလ်တစ်ခု၊ ဒီဂရီကောလိပ်နှစ်ခု၊ ကွန်ပျူတာကောလိပ်နှစ်ခု၊ သိပ္ပံနှင့်နည်းပညာကောလိပ်နှစ်ခုကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသတွင်း၌ အနာဂတ်အတွက် ပညာတတ်များစွာ မွေးထုတ်ပေးနိုင်ပြီဖြစ်ကြောင်း။

ယခင်ကရွှေဘို-မြစ်ကြီးနားကားလမ်းသည် ဒေသတွင်း မငြိမ်မသက်မှုကြောင့် ပြုပြင်နိုင်မှုမရှိခဲ့၍ အမည်ခံသာရှိပြီး သွားလာနိုင်ရန် ခက်ခဲသောလမ်းကြောင်းဖြစ်ကြောင်း၊ ယခု



ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အင်ဘရန့်ဒွဲဘူ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားစဉ်။
(သတင်းစဉ်)

ဆိုလျှင် အရှည်မိုင် ၃၅၀ရှိသည့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းအပြင် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် အရှည် ၄၁၇မိုင်ရှည် မန္တလေး-ရွှေကူ၊ ဗန်းမော်-မြစ်ကြီးနားလမ်းကိုလည်း ဖောက်လုပ်ပေးနိုင်ခဲ့ပြီး လုံခြုံအေးချမ်းစွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ဧရာဝတီမြစ်ကူးတံတားကြီးဖြစ်သည့် အရှည် ၂၆၈၈ပေရှိ ဗလမင်းထင်တံတားအပါအဝင်ပြည်နယ်အတွင်း ပေ ၁၈၀ အထက် တံတား ၁၅စင်း၊ ပေ၁၈၀အောက်တံတား ၂၂၆စင်း တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ယခင်က ဆေးရုံ ၃၅ရုံသာရှိခဲ့ရာမှ ၄၄ရုံရှိလာပြီဖြစ်ကြောင်း၊ တိုင်းရင်းဆေးရုံတစ်ရုံနှင့် ဆေးပေးခန်းငါးခုကိုလည်း တိုးမြှင့်ပေးထားနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ယခင်အစိုးရအဆက်ဆက်က မဆောင်ရွက်နိုင်ခဲ့သည်ကို တပ်မတော်အစိုးရက အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ကချင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုအပြည့်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက် အောင်မြင်နေခြင်းသည် နိုင်ငံတော်အတွက်၊ ပြည်နယ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးရလဒ်များဖြစ်ကြောင်း။

ဤသို့ဆောင်ရွက်ပေးခဲ့သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်များ ပိုမိုထက်သန်ခိုင်မာစေပါကြောင်း၊ မိမိတို့အနေဖြင့် အေးချမ်းတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ရရှိခံစား စံစားနေရပြီဖြစ်၍ နိုင်ငံတော်ကို အထူးကျေးဇူးတင်မဆုံးဖြစ်ရပါကြောင်း။

ဤသို့ နိုင်ငံတော်အတွင်း အခြေအနေကောင်းများ တစ်ခုပြီးတစ်ခု တိုးတက်ဖြစ်ပေါ်နေချိန်တွင် ပြည်ပအားကိုးဖြင့် တိုင်းပြည်ကို ကျွန်ဇာတ်သွင်းလိုသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား ဘုရားအလောင်း မဟောသဓဇာတ်တော်လာ သားတရားစီရင်ခန်းကို ပြန်သတိရကြပါဦးဟု ပြောလိုကြောင်း၊ ချစ်စရာကောင်းသည့် ကလေးငယ်ကို မိခင်မေတ္တာစိတ် အပြည့်အဝဖြင့် စောင့်ရှောက်ပြုစုပျိုးထောင်သည့် မိခင်အရင်းနှင့် ကလေးငယ်၏ အသွေးအသားကို စားသုံးလိုသည့် ဘီလူးမတို့၏ အခြေခံစိတ်ရင်းများသည် အင်မတန်မှ သိသာမြင်သာစွာ ကွာခြားလွန်းလှကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➪

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ အလှူရှင်များက အလှူငွေပေးအပ်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ် သိန်းဇော် နှင့် မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ထွန်းတို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

ထို့ကြောင့် ကံ ကံ၏အကျိုးကို ယုံကြည်ကြသည့် မိမိတို့၏နိုင်ငံတော်ကြီး ကြမ္မာရဟတ် တစ်ပတ်လည်ပြီး ဝဋ်ဒုက္ခဆင်းရဲများနှင့် မတွေ့ရ၊ မဆုံရအောင် သားတရားစီရင် ခန်းထဲက အညာအတာကင်းသည့် ဘီလူးမလိုဘဝမျိုး မရောက်ကြပါစေနဲ့လို့ ကိုယ့်ကိုယ်ကို ပြုပြင်နိုင်ဖို့ မြန်မာ အမျိုးသမီးထုကြီးကိုယ်စား ဒီနေရာကနေ ရှင်းရှင်းလင်းလင်း၊ ပွင့်ပွင့်လင်းလင်း သတိပေးလိုက်ပါကြောင်း။

မြန်မာအမျိုးသမီးများသည် သမိုင်းစဉ်တစ်လျှောက် အခွင့်အရေးရရှိရေးအတွက် တောင်းဆိုရန်မလိုဘဲ အမျိုးသားများနှင့် တန်းတူအခွင့်အရေး မျှမျှတတ ရရှိခံစားရပြီး မိသားစုလူ့အဖွဲ့အစည်း၊ နိုင်ငံ၊ လူမျိုး တိုးတက်ကြီးပွားရေးများတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းလျက် လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့် ရကြခြင်းသည် ဝမ်းသာဂုဏ်ယူဖွယ် ဖြစ်ကြောင်း၊ အမျိုးသမီးများကို နေရာပေးအလေးထားမှု၊ လေးစားကြင်နာစွာ ကူညီဖေးမ ရိုင်းပင်းစောင့်ရှောက်မှုများကို မွေးရာပါခံစားရ၍ မြန်မာအမျိုးသမီးဖြစ်ရခြင်းသည် မွန်မြတ်သည့်ဂုဏ်ဒြပ်ဖြစ်ကြောင်း။

တည်ရှိပြီးဖြစ်သည့် မြန်မာအမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝ ခံစားနိုင်စေရေး၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ မြန်မာအမျိုးသမီးအခွင့်အရေး နစ်နာဆုံးရှုံးမှု မရှိအောင် အခွင့်အလမ်းကောင်းများ တိုးပွားဖြစ်လာစေရေးနှင့် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးကို စုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင် အင်အားစုကြီးအဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အနေဖြင့်လည်း အမျိုးသမီးများဘဝ တိုးတက်မြင့်မားရေး၊ အသိအမြင် ကျယ်ပြန့်ရေး၊ ယဉ်ကျေးမှုအစဉ်အလာ ထိန်းသိမ်းရေးနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး စည်းရုံးလှုံ့ဆော်ပညာပေး သင်တန်းများ ဖွင့်လှစ်ခဲ့ကြောင်း။

အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲနှင့် ဥပဒေများ ရှင်းလင်းပွဲ ၄၂ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ၈၈၁၇ဦးကို ဆွေးနွေး ပို့ချပေးနိုင်ခဲ့ကြောင်း၊ ကချင်ပြည်နယ်အတွင်း နှစ်သိမ့်ဆွေးနွေး ပညာပေးဌာနလေးခု ဖွင့်လှစ်ထားရှိပြီး ဆွေးနွေး ပညာပေးခဲ့ကြောင်း။

လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲ ၆၄ကြိမ်တွင် ၇၃၅၈ဦးကို ပညာပေးဆွေးနွေးခဲ့ကြောင်း။

မြန်မာအမျိုးသမီးများကို စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုအတွက် စည်းရုံးရေးနှင့် ပညာ၊ ဗဟုသုတ ဖြန့်ဝေ ဆောင်ရွက်နေကြောင်း၊ အမျိုးသမီးငယ်များ၏ စိတ်ပိုင်းဆိုင်ရာဘဝ တိုးတက်ဖြစ်ထွန်းမှုကို အမျိုးသားရေး လမ်းကြောင်းမှန်ပေါ် တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းနေစေရန်၊ အတွေးအခေါ်လွဲမှားမှုမရှိစေရန်၊ မသမာသူများ၊ အဖျက်သမားများ၏ သွေးဆောင်ဖြားယောင်းမှုအောက်ကို နားယောင်မသွားနိုင်စေရန် ဆွေးနွေးပညာပေးလျက်ရှိကြောင်း။

ယင်းသို့အခြေအနေ အချိန်အခါတွင် ဒေါ်စုကြည်၏ ခင်ပွန်း မိုက်ကယ်အဲရစ်၏ သူငယ်ချင်းဖြစ်သည့် Guy Horton ဆိုသူက "Dying Alive Alegal Assessment of Human Rights Violations in Burma" ဆိုပြီး စာမျက်နှာ ၆၀၀ ပါ စာအုပ်တစ်အုပ်ရေးသားထုတ်ဝေရန် လုပ်နေသည်ဟု အင်တာနက်ဝက်ဘ်ဆိုက်များတွင် ဖော်ပြလာသည်ကိုတွေ့ရကြောင်း၊ Guy Horton သည် လွန်ခဲ့သည့် ငါးနှစ်အတွင်း မြန်မာနိုင်ငံကို တရားမဝင် ခိုးကြောင်ခိုးဝှက်ဖြင့် အကြိမ်ကြိမ်ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်သော လုပ်ကြံစွပ်စွဲမှုဖြစ်သည့် လူ့အခွင့်အရေးချိုးဖောက်ကြောင်း၊ တိုင်းရင်းသားလူမျိုးစုများကို ဖိနှိပ်ကြောင်း၊ တိုင်းရင်းသူအမျိုးသမီးများကို မတော်မတရားပြုကျင့်ကြောင်း၊ ကလေးသူငယ်များကို စစ်မှုထမ်းခိုင်းကြောင်း၊ အတင်းအဓမ္မလုပ်အားပေး စေခိုင်းကြောင်း၊ မူးယစ်ဆေးဝါးတရားမဝင် ထုတ်လုပ်နေကြောင်းဆိုသည့် လုပ်ဇာတ်များ ရေးသားဖော်ပြထားကြောင်း။

အဆိုးရွားဆုံးဖော်ပြချက်မှာ မြန်မာအစိုးရက လူမျိုးတုံးသတ်ဖြတ်မှု (Genoside) လုပ်သည်ဆိုပြီး မဟုတ်မမှန် လုပ်ကြံဖော်ပြထားခြင်းပင်ဖြစ်ကြောင်း၊ ဤသို့ ယောက်ျားကြီးတန်မဲ့ လျှာအရိုးမရှိတိုင်း နိုင်ငံကြီးသား မပီသစွာ ခိုးကြောင်ခိုးဝှက်လုပ် မတော်မတရားစွပ်စွဲတတ်သည့် လူများ၏ ပြောဆိုချက်ကို ဇာတ်လမ်းဆင်ပြီး ဟုတ်သယောင်ယောင် စွပ်စွဲတတ်ကြသည့် နိုင်ငံကြီးအချို့မှ ပုဂ္ဂိုလ်များ၊ မီဒီယာများအပေါ် မိမိတို့ နားမလည်နိုင်အောင်ဖြစ်ရကြောင်း။

မိမိတို့ ကချင်ပြည်နယ်တွင် ဤသို့ဖြစ်ရပ်မျိုး မကြားမိကြောင်း၊ အခြားဒေသများတွင်လည်း ဤသို့ မတရားပြုကျင့်သည့် ကိစ္စမျိုးလုံးဝမရှိနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တပ်မတော်သားများသည် ပြည်သူထဲမှ ပေါက်ဖွားလာသည့် ပြည်သူ့ရင်နှစ်သည်းချာများပင်ဖြစ်ကြောင်း၊ တပ်မတော်သည် မိမိတို့ ပြည်သူများအား လုံခြုံအေးချမ်းတည်ငြိမ်မှုများ၊ ငြိမ်းချမ်းသာယာမှုများ ပေးအပ်နေကြောင်း၊ တပ်မတော်သားတိုင်းသည် စည်းကမ်းကို မိမိအသက်ကဲ့သို့ စောင့်ထိန်းသူများဖြစ်ကြောင်း၊ စည်းကမ်းဖောက်ဖျက်လျှင်လည်း စစ်ဘက်ဥပဒေ၊ နယ်ဘက်ဥပဒေများဖြင့် အရေးယူအပြစ်ပေးနေကြောင်း။

အခြေအမြစ်မရှိသည့် ကောလာဟလစွပ်စွဲချက်များသည် မျိုးချစ်တပ်မတော်နှင့် ပြည်သူများအကြား အထင်အမြင်လွဲမှားအောင်၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် တမင်အကွက်ဆင်လုပ်ကြံဖန်တီးနေမှုများသာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာအမျိုးသမီးများအနေဖြင့် ဤအခြေအမြစ်မရှိသည့် စွပ်စွဲချက်များကို နားမယောင်ကြဘဲ ဘယ်သူကဘာကြောင့် ထုတ်လွှင့်နေသည်ဆိုသည်ကို သိအောင်မြင်အောင်လုပ်ပြီး ပြန်လည်တုံ့ပြန်ချေဖျက်သွားကြပါဟု တိုက်တွန်းလိုက်ပါကြောင်း။

ပြည်ပနိုင်ငံကြီးအချို့နှင့် မီဒီယာများသည် မြန်မာနိုင်ငံအပေါ် အမျိုးမျိုး မဟုတ်မမှန်လုပ်ကြံစွပ်စွဲ တစ်ဖက်သတ်ဆုံးဖြတ်နေသော်လည်း ပြည်တွင်းမှာ ဘာတစ်ခုမျှ ယခုအထိ ကောင်းကျိုးမပြုသေးသည့် ပုဂ္ဂိုလ်တစ်ဦးကိုတော့ ပြည်ပနိုင်ငံအဖွဲ့အစည်းများက ဘွဲ့တံဆိပ် ၇၇ ခုပေးအပ်ခဲ့ကြောင်း၊ ထိုအထဲမှ ထက်ဝက်နီးပါးသည် ငွေကြေးထောက်ပံ့ပေးကမ်းခြင်းများဖြစ်ကြောင်း။

ထိုပုဂ္ဂိုလ်ကလည်း ထိုငွေကြေးများကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အမျိုးသားဘဝ လူနေမှုမြင့်တင်ရေး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် သုံးသည်ဟု ယခုထိ တစ်ခါမျှမကြားမိ၊ မမြင်မိသေးကြောင်း။

ထိုပြည်ပ အထောက်အကူများသည် နှောင်ကြိုးမဲ့ဖြစ်နိုင်ပါ့မလား၊ နှောင်ကြိုးဆိုလျှင်ကော ဘာနှောင်ကြိုးများဖြစ်မှာလဲဟု စဉ်းစားနေရပါကြောင်း၊ တိုင်းပြည်ကိုဖြိုခွဲရန်၊ တိုင်းပြည်ကို ကျွန်ပြုရန် ထုတ်ပေးလိုက်သည့် အရင်းအနှီးများမဖြစ်ပါစေနှင့်ဟု ဆုတောင်းလိုက်ပါကြောင်း၊ ဤနေရာတွင် မိမိအနေဖြင့် အမိမြန်မာနိုင်ငံတော်ကို မိမိတို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများထက် ပိုချစ်သည့်သူရှိနိုင်ပါမလားဟုလည်း မေးလိုက်ချင်ပါကြောင်း။

မိမိတို့ မြန်မာအမျိုးသမီးများသည် နိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုနေသည့် အချိန်အခါ၊

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်ယုယုကြည် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။
(သတင်းစဉ်)

အခွင့်အလမ်းကောင်းများကို လက်မလွှတ်တမ်း ဆုပ်ကိုင်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို တာဝန်သိသိ၊ တာဝန်ရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြမည်သာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် လုပ်ဆောင်လာမှုမှန်သမျှ၊ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမှုမှန်သမျှကို အမျိုးသမီးထုတစ်ရပ်လုံး၏ စုစည်းညီညွတ်သည့်အားဖြင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ပြတ်ပြတ်သားသား ဖယ်ရှားတိုက်ဖျက်သွားမှာသာဖြစ်သည်ဟုတင်ပြရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်ယုယုကြည်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံတွင် အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် ဦးဆောင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံကောင်းများ၊ အခွင့်အလမ်းကောင်းများ ရရှိခံစားနေရပြီဖြစ်ကြောင်း။

နိုင်ငံတကာဆက်ဆံရေးတွင်လည်း ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူဆက်ဆံရေး၊ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ရေးနှင့် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အတိအကျ လိုက်နာကျင့်သုံးနေကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ဒေသတွင်း အာဆီယံ၊ ဘင်းမ်စတက်၊ GMS စသည့် အဖွဲ့များ၏ လုပ်ငန်းများ၊ အစီအစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နေကြောင်း၊ သို့သော် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ILO က မြန်မာနိုင်ငံအပေါ် ပြုမူဆက်ဆံ ဖိအားပေးနေမှုများကို တင်ပြလိုကြောင်း။

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် မေလတွင် ILO သို့ ဝင်ရောက်ခဲ့သည်မှာ ၅၅နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်ခဲ့ကြောင်း၊ ယခုအဖွဲ့ဝင်ပေါင်း ၁၇၈နိုင်ငံ ရှိလာသဖြင့် ILO ၏ သက်တမ်းရင့် အဖွဲ့ဝင်ဖြစ်နေကြောင်း၊ ၁၉၈၈ ခုနှစ်မတိုင်ခင်အထိ စွပ်စွဲဖိအားပေးမှုများမရှိဘဲ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် စွပ်စွဲဖိအားပေးရန် ILO စင်မြင့်ကို အသုံးချလာကြောင်း။

အစိုးရ၊ ပြည်သူနှင့်တပ်မတော် စိတ်တူကိုယ်တူ လက်တွဲပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရေးလုပ်ငန်းများ နေ့မအား၊ ညမနား ဆောင်ရွက်နေသည်ကို မလိုတမာစိတ်ဖြင့် အဓမ္မခိုင်းစေနေသည်ဟု စွပ်စွဲလာခဲ့ကြောင်း။

မြန်မာတိုင်းရင်းသားများသည် ငယ်စဉ်မှ ကြီးသည်အထိ သူတစ်ပါးကို ကူညီလိုသည့်စိတ်၊ ပေးကမ်းစွန့်ကြဲ လှူဒါန်းလိုသည့် ဒါနကုသိုလ် အခြေခံကောင်းဖြင့် မွေးဖွားကြီးပြင်းလာသည့် လူမျိုးဖြစ်ကြောင်း၊ အလှူအတန်းပြုလုပ်သည့်အခါ ဝိုင်းဝန်းကူညီဆောင်ရွက် လုပ်အားပေးသည်ကို ဝေယျာဝစ္စဒါနဟုခေါ်ကြောင်း၊ ဝေယျာဝစ္စဒါနသည် လူမှုရေးသဘော အဓိကပါဝင်နေသဖြင့် ရပ်ရေးရွာရေး၊ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေးနယ်ပယ်အထိ ကျယ်ပြန့်စွာ ဆက်စပ်ပတ်သက်နေကြောင်း၊ လုပ်အားအလှူသည် ငွေကြေးအလှူကဲ့သို့ပင် ဒါနဖြစ်ကြောင်း၊ မြန်မာလူမျိုးများ၏ နှလုံးသားထဲတွင် ကိန်းအောင်းနေသည့် စေတနာ၊ မေတ္တာများဖြင့် လုပ်အားပေးဒါနပြုကြကြောင်း၊ ဘုရားတည်၊ ကျောင်းဆောက်၊ လမ်းဖောက်၊ တံတားဆောက်၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုများတွင် ငွေကြေးသာမက စေတနာလုပ်အားဒါန လုပ်အားဖြင့် ဆောင်ရွက်ကြကြောင်း၊ မြန်မာတို့၏ စေတနာအရင်းခံထားသည့် လုပ်အားဒါနကို အဓမ္မစေခိုင်းသည်ဟု ဝေဖန်ပြောဆိုကြသဖြင့် ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံး များစွာ စိတ်ထိခိုက်ခဲ့ရကြောင်း။

မြန်မာနိုင်ငံတွင် ပြစ်မှုကျူးလွန်ပြီး အရေးယူခံရမည့် အချိန်တွင် ပြည်ပသို့ထွက်ပြေးသွားသည့် ပြည်ပြေး ပြည်သစ်ညွန့်ဝေ(ခေါ်)မောင်မောင်နှင့် လက်တစ်ဆုပ်စာ ပြည်ပြေးတစ်စု၏ FTUB ဆိုသည့်အဖွဲ့က ICFTU ဆိုသည့် နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်၏ လောင်းရိပ်ကိုခိုပြီး မြန်မာနိုင်ငံအတွင်း၌ ညှဉ်းပန်းနှိပ်စက် ခိုင်းစေနေသည်ဟု မဟုတ်မမှန်လုပ်ကြံ လီဆယ်တိုင်ကြားခဲ့ကြောင်း၊ ယင်းသို့ လုပ်ဇာတ်စွပ်စွဲတိုင်ကြားသည်ကို ၁၉၉၆ခုနှစ်တွင် ILOက စုံစမ်းရေးကော်မရှင် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❋

မိမိတို့ မြန်မာအမျိုးသမီးများသည် နိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုနေသည့် အချိန်အခါ၊ အခွင့်အလမ်းကောင်းများကို လက်မလွှတ်တမ်း ဆုပ်ကိုင်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို တာဝန်သိသိ၊ တာဝန်ရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြမည်၊

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် လုပ်ဆောင်လာမှုမှန်သမျှ၊ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမှု မှန်သမျှကို အမျိုးသမီးထု တစ်ရပ်လုံး၏ စုစည်းညီညွတ်သည့်အားဖြင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ပြတ်ပြတ်သားသား ဖယ်ရှားတိုက်ဖျက်။

ILO လုပ်ရပ်သည် အလုပ်သမားကိစ္စကို နိုင်ငံရေးဖိအားပေးမှု မတော်မတရားလုပ်ရပ်များသာဖြစ် ကိုလိုနီလက်သစ်များ၏အန္တရာယ်ကို မြင်သာထင်သာစွာ ကျယ်ကျယ်ပြန့်ပြန့်သိမြင်နေကြ

❀ စာမျက်နှာ ၁၂ မှ

ဖွဲ့စည်းစစ်ဆေး အရေးယူရန် ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံက ဖြေရှင်းပြန်ကြားသည်များကို လျစ်လျူရှုပြီး ဆန့်ကျင်ဘက် အဖွဲ့အစည်းများ၊ ဒုက္ခသည်အမည်ခံ သောင်းကျန်းသူအဖွဲ့များနှင့် တွေ့ဆုံမေးမြန်းသည့် လုပ်ဇာတ်ကို အမှန်တကယ်ဖြစ်သယောင် မုသာဝါဒ မီဒီယာများ အားကိုးဖြင့် ပုံဖော်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အဓမ္မ ခိုင်းစေမှုများရှိသည်၊ လူတွေနိုင်ငံ၏ပြင်ပကို ထွက်ပြေးနေသည်ဟုစွပ်စွဲပြီး မြန်မာနိုင်ငံအတွင်း အဓမ္မခိုင်းစေမှု ပပျောက်ရေး အချက်သုံးချက် လိုက်နာရန်တိုက်တွန်းခဲ့ကြောင်း။

၂၀၀၀ပြည့်နှစ်တွင် ILO သမိုင်းတစ်လျှောက် ဘယ်နိုင်ငံကိုမျှ အရေးမယူခဲ့ဖူးသည့် ILOဖွဲ့စည်းပုံအခြေခံစည်းမျဉ်း Article ၃၃ဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံအပေါ် ပြင်းပြင်းထန်ထန် အရေးယူမှုများ ဆောင်ရွက်ရန် ILO ညီလာခံ၌ တင်ပြအတည်ပြု ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်ရွက်မှုများကို ILOအဖွဲ့ဝင်နိုင်ငံအချို့နှင့် အာဆီယံနိုင်ငံများက ထောက်ခံဆွေးနွေးခဲ့ကြကြောင်း၊ သို့သော် ယင်းဆွေးနွေးချက်ကို မျက်ကွယ်ပြုပြီး ပြည်ပြေးအကြမ်းဖက်သမား FTUB မောင်မောင်ကို ရှေ့တန်းတင်ပြီး မြန်မာနိုင်ငံကို ဆန့်ကျင်သည့် ပုဂ္ဂိုလ်များ၏ ဆွေးနွေးချက်များကိုသာ အလေးထားကာ တစ်ဖက်သတ်ဆုံးဖြတ်ခဲ့ကြောင်း၊ အလုပ်သမားရေးထက် မြန်မာနိုင်ငံ နိုင်ငံရေးပါတီတစ်ခုမှ ပုဂ္ဂိုလ်တစ်ဦးကို ဖော်ညွှန်းပြီး ထိုပါတီအာဏာရရှိရေးအတွက် နိုင်ငံရေးဖိအားပေးရန် စနစ်တကျ စီမံဆောင်ရွက်နေသည် ဆိုသည်ကို မိမိတို့အားလုံး သိသာထင်ရှားစွာမြင်တွေ့နေရကြောင်း။

အလုပ်သမားရေးရာကိစ္စ မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုသည့် ILO က မြန်မာအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံးစေမည့် အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်လာခြင်းသည် ရည်ရွယ်ချက်နှင့် လုံးဝဆန့်ကျင်လျက် အမည်းစက်စွန်းထင်နေပြီဖြစ်ကြောင်း၊ မိမိတို့မြန်မာအမျိုးသမီးတစ်ရပ်လုံးကတော့ ILO၏တစ်ဖက်စောင်းနင်းလုပ်ရပ်ကို လုံးဝလက်မခံဘဲ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်ပါကြောင်း။

ILO ၏ အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉နှင့်ဆက်စပ်ပြီး အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှုပိတ်ပင်ချက်တစ်ရပ် ချမှတ်ခဲ့ကြောင်း၊ အထည်အလိပ် စက်ရုံပေါင်း ၁၆၀ကျော် ပိတ်ခဲ့ရပြီး စက်ရုံ၊ အလုပ်ရုံပေါင်း ၄၀မှ လုပ်သားအင်အားများ လျှော့ချခဲ့ရကြောင်း၊ မြန်မာအမျိုးသမီးအလုပ်သမ ခုနစ်သောင်းကျော်အပါအဝင် အလုပ်သမား ရှစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး ၎င်းတို့ကိုမှီခိုနေရသည့် မိသားစုလေးသိန်းကျော်၏ လူနေမှုဘဝ ထိခိုက်နစ်နာမှုများကို စဉ်းစားကြည့်ကြစေလိုကြောင်း။

ဝန်ဆောင်မှုလုပ်ငန်း၊အိမ်ခန်း၊ ဘော်ဒါဆောင်ငှားရမ်းမှုလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဒေသန္တရသယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း သွယ်ဝိုက်ပြီး ထိခိုက်ခဲ့ကြောင်း၊ မြန်မာအလုပ်သမားများ၏ ယင်းဆုံးရှုံးမှုများကို မီဒီယာများမှတစ်ဆင့် တင်ပြခဲ့သော်လည်း ILO အဖွဲ့ကြီးအနေဖြင့် သိလျက်နှင့် ILO Forum တွင် ဆွေးနွေးတင်ပြခြင်းမပြုခဲ့ကြောင်း၊ လူ့အခွင့်အရေးအမြင်၊ လူသားချင်းစာနာထောက်ထားသည့်အမြင်ဖြင့်ကြည့်လျှင် မြင်နိုင်သည့် မြင်ကွင်းများပင်ဖြစ်ကြောင်း၊ အမှန်နှင့်အမှား အကောင်းနှင့်အဆိုးကို ခွဲခြားပြီးသိနိုင်ပါကြောင်း၊ သို့သော် မည်သည့်အတွက် မျက်ကွယ်ပြုနေကြပါသလဲဟု မေးလိုပါကြောင်း။

ILO သည် အဓမ္မခိုင်းစေမှုပပျောက်ရေးကို ညှိနှိုင်းဆောင်ရွက်နေသည့်အခြေအနေမျိုးတွင် ပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံတွင် မည်သည့်တရားဝင် အလုပ်သမားအဖွဲ့အစည်းကမှ တာဝန်ပေးရွေးချယ်ထားခြင်းလည်းမဟုတ်၊ မည်သည့်အလုပ်သမားကိုမှ ကိုယ်စားမပြုသည့် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များပြုလုပ်ရန် ငွေကြေးထောက်ပံ့ကူညီခြင်း၊ ဖောက်ခွဲရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများ အကြိမ်ကြိမ်ပေးပို့ခြင်းဖြင့် အကြမ်းဖက်မှုကျူးလွန်နေသည့် အရေခြုံအမည်ခံ FTUB အတွင်းရေးမှူးဆိုသည့် ပြည်ပြေးအကြမ်းဖက်သမား ပြည်သစ်ညွှန့်ဝေ(ခေါ်) မောင်မောင်ကို မြန်မာနိုင်ငံက နှစ်စဉ်ကန့်ကွက်သည့်ကြားမှ ILOအစည်းအဝေးများတွင် စကားပြောခွင့်ပြုနေခြင်းသည် မြန်မာနိုင်ငံနှင့် ILO အကြား အပြုသဘောပူးပေါင်းဆောင်ရွက်မှုကို အတားအဆီး အနှောင့်အယှက်ဖြစ်အောင် မြန်မာနိုင်ငံ အကျိုးစီးပွားပျက်ပြားအောင် တမင်ကြံရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်ဆိုသည်မှာ ပေါ်လွင်ထင်ရှားနေပါကြောင်း။

မြန်မာနိုင်ငံက အဓမ္မခိုင်းစေမှုများပပျောက်ရေးကို စိတ်ကောင်း စေတနာမှန်ထားပြီး ILOနှင့် ပူးပေါင်းဆောင်ရွက်မှုများ စဉ်တိုက်ဆောင်ရွက်ခဲ့ကြောင်း၊ ILO ကတော့ အဖွဲ့သက်တမ်း ၈၇နှစ်တာကာလတွင် မည်သည့်နိုင်ငံကိုမျှ အရေးယူခဲ့ခြင်းမရှိသည့် Article ၃၃ဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ ဤသည်မှာ ပူးပေါင်းဆောင်ရွက်မှုကို အသားပေးသည့်လုပ်ရပ်လားဟု မေးလိုက်ချင်ကြောင်း။

ILO ၏ အကျပ်ကိုင် တောင်းဆိုမှုများကို အမြဲတစေ ပူးပေါင်းဆောင်ရွက်လိုမှုဖြင့် ဖြည့်ဆည်းပေးနေသည့် မြန်မာနိုင်ငံအပေါ် ILOဘက်က တောင်းဆိုမှုများကုန်ရောကုန်နိုင်ပါဦးမလားဟု မေးစရာဖြစ်နေပြီဖြစ်ကြောင်း။

ILO လုပ်ရပ်သည် အလုပ်သမားကိစ္စကို နိုင်ငံရေးကိစ္စနှင့်ဆက်စပ်ပြီး နိုင်ငံရေးဖိအားပေးမှု မတော်မတရားလုပ်ရပ်များသာဖြစ်ကြောင်း မိမိတို့က ခံစားနားလည် နေကြပြီဖြစ်ကြောင်း၊ ကိုလိုနီလက်သစ်များ၏ အန္တရာယ်ကို မြင်သာထင်သာစွာကျယ်ကျယ်ပြန့်ပြန့် သိမြင်နေကြပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပေါ် အစဉ်အဆိုးမြင်နေသည့် မိမိတို့မြန်မာအမျိုးသမီးများကို သောင်းနှင့်သိန်းနှင့်ချီပြီး အလုပ်လက်မဲ့ဖြစ်အောင်လုပ်ခဲ့သည့်၊ မိမိတို့နိုင်ငံနှင့် လူမျိုးအပေါ် ကောင်းကျိုးမပြုဘဲ ဆိုးကျိုးများကိုသာ သယ်ဆောင်ပေးနေသည့် အဆိုပါ ILO ဆိုသည့် အဖွဲ့ထဲတွင်ဆက်လက်ပါဝင်နေရန် မသင့်တော့ပါဘူးဟု ဤနေရာမှနေပြီး ကချင်ပြည်နယ် အမျိုးသမီးထုကြီး၏ကိုယ်စား ပြတ်ပြတ်သားသား တင်ပြလိုက်ပါကြောင်း။

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲ အဖွဲ့ခေါင်းဆောင် ဒေါ်နန်းလှလှအေး မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

မိမိတို့ မြန်မာနိုင်ငံကို လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေး ဗန်းပြ၊ မူးယစ်ဆေးဝါးဖြင့်အပြစ်ရှာ၊ ILO ကိစ္စကို ရှေ့တန်းတင်ပြီး စီးပွားရေးပိတ်ဆို့မှုများ ဆောင်ရွက်နေသည်ကို တွေ့မြင်နေကြရကြောင်း။

စီးပွားရေးပိတ်ဆို့မှုတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများမပြုလုပ်ရန်၊ မြန်မာနိုင်ငံရှိ စက်ရုံများ၌ လုပ်ကိုင်ဆောင်ရွက်နေသည့် ပစ္စည်းများကို မဝယ်ယူရန်၊ မြန်မာ့ထွက်ကုန်ပစ္စည်းများကို မဝယ်ရန်နှင့် မြန်မာနိုင်ငံအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကိုမရောင်းရန်ဆိုပြီး တစ်ဖက်သတ် ဖိအားပေးပိတ်ပင်တားမြစ်နေကြောင်း။

စီးပွားရေးပိတ်ဆို့မှုများကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ လျော့နည်းပြီး မိသားစုစားဝတ်နေရေး ခက်ခဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ နစ်နာဆုံးရှုံးမှုများထဲမှ သာဓကတစ်ခုမှာ အထည်ချုပ်လုပ်ငန်းများ ရပ်ဆိုင်းလျော့ချခဲ့ရကြောင်း၊ လုပ်ငန်းများရပ်ဆိုင်းလျော့ချလိုက်သဖြင့် အလုပ်သမားများကိုပေးရသည့် လျော်ကြေးများရှိကြောင်း၊ ယင်းငွေများကြောင့် လုပ်ငန်းတိုးချဲ့ရန်၊ လုပ်ငန်းသစ်ထူထောင်ရန် မလုပ်နိုင်တော့သဖြင့် စီးပွားရေးလုပ်ငန်းများ အကျပ်အတည်းနှင့် ရင်ဆိုင်ရကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ရပ်ဆိုင်းရ၍လည်းကောင်း၊ လျှော့ချရ၍လည်းကောင်း ကုန်ထုတ်ပစ္စည်းများ လျော့နည်းပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုများကို စားသုံးသူများသာခံစားရကြောင်း၊ စားသုံးသူဆိုသည်မှာလည်း အခြေခံလူတန်းစားများနှင့် ၎င်းတို့မိသားစုများက အများစုဖြစ်ကြောင်း။

ဤသို့ မြန်မာနိုင်ငံသားများ၏ ထိခိုက်မှု၊ နစ်နာမှု၊ ဆုံးရှုံးနေမှုများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများ သိရှိအောင် မီဒီယာများမှတစ်ဆင့် ဖော်ပြခဲ့သော်လည်း မြန်မာနိုင်ငံသားများ၏ နစ်နာဆုံးရှုံးမှုများကို တမင်သက်သက် မသိကျိုးကျွံပြုကာ မမြင်ဟန်ဆောင်နေကြကြောင်း၊ ဤသည်မှာ မျှတမှု၊ ဘက်လိုက်မှုနှင့် ရပ်သေးကြိုးဆွဲ နိုင်ငံရေးအမှောင့်ပယောဂများကြောင့်ဖြစ်သည်ကို မြန်မာပြည်သူများ သဘောပေါက်နေကြကြောင်း။

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများက ကချင်ပြည်နယ်အတွင်းရှိ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းသို့ စီးပွားရေးပိတ်ဆို့မှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများလျော့နည်းပပျောက်အောင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း မိမိတို့ ကိုယ့်ခွန်ကိုယ့်အားဖြင့် ရင်ဆိုင်ကျော်လွှားနေကြကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသည့် ရေမြေရာသီဥတု၊ သဘာဝတောတောင်၊ ပြည်တွင်းထွက်ကုန်၊ ရိုးရာဓလေ့ယဉ်ကျေးမှုများရှိသည့် နိုင်ငံဖြစ်ကြောင်း၊ စီးပွားရေးပိတ်ဆို့မှုနှင့် တစ်ဆက်တည်း ကမ္ဘာလှည့်ခရီးသည်များ မလာရောက်ရန်ကိုလည်း တားမြစ်ပိတ်ပင်နေကြောင်း၊ ဘယ်သူတွေက ပိတ်ပင်တားဆီးနေတာလဲ၊ ဆိုးကျိုးကို ဘယ်သူတွေခံစားနေရသလဲဆိုသည်မှာ ပြောစရာမလိုအောင် မြင်သာထင်သာရှိလှပါကြောင်း။

ထို့အတူ ပြည်ပြေးစိန်ဝင်းဦးစီးသည့် NCGUBဆိုသည့် တရားမဝင်အဖွဲ့အစည်းကလည်း နိုင်ငံတကာမျက်နှာစာတွင် ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူများအဖြစ် ဟန်ဆောင်မျက်နှာဖုံးတပ်ထားပြီး လက်တွေ့တွင် ထောက်ပံ့ငွေများ၊ ရန်ပုံငွေများ ရရှိအောင် တောင်းခံပြီး ကိုယ်ကျိုးအတွက် သုံးစွဲနေခြင်းပင် ဖြစ်ကြောင်း၊ ၎င်းတို့ကိုယ်ကျိုးအတွက် လှည့်ဖြားဆောင်ရွက်နေသည်မှာ ပြဿနာမဟုတ်သော်လည်း တစ်ဖက်က မြန်မာပြည်သူတစ်ရပ်လုံးအပေါ် အကြမ်းဖက်အဖျက်လုပ်ရပ်များဖြင့် အတိဒုက္ခရောက်အောင် ဆောင်ရွက်နေသည်ကိုတော့ မိမိတို့ မြန်မာအမျိုးသမီးများက လုံးဝလက်မခံနိုင်ကြောင်း။

သံခဲဦးစီးသည် ABSDF ဆိုသည့် အကြမ်းဖက်အဖျက်သမားအုပ်စုကလည်း နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေးပျက်ပြားအောင်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးအောင် အကြမ်းဖက်အဖျက်လုပ်ရပ်များကို အဆက်မပြတ် လုပ်ဆောင်နေတာတွေ့ရှိရကြောင်း၊ ABSDF ၏ အဆိုးရွားဆုံးလုပ်ရပ်မှာ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလအတွင်း တရုတ်ပြည်မှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်အပူဇော်ခံရာ ကမ္ဘာအေးလိုဏ်ဂူအတွင်း ချိန်ကိုက်ဗုံးဖောက်ခွဲမှုကြောင့် ဘုရားဖူးပြည်သူများ သေကျေ ဒဏ်ရာရခဲ့ကြကြောင်း၊ ABSDF ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် သေကျေပျက်စီးဆုံးရှုံးခဲ့ရသည့် မိသားစုများအနေဖြင့် ဝမ်းနည်းပူဆွေးသောကရောက်မှုများကို မည်သို့မျှ မေ့ပျောက်၍ ရနိုင်ကြမည်မဟုတ်ပါကြောင်း။

ပြည်သူတစ်ရပ်လုံးအပေါ် အကြမ်းဖက်အဖျက်လုပ်ရပ်များဖြင့် အတိဒုက္ခရောက်အောင် ဆောင်ရွက်နေသည်ကို မိမိတို့ မြန်မာအမျိုးသမီးများက လုံးဝလက်မခံနိုင်ကြောင်း၊

ထို့ကြောင့်

- **လူ့အခွင့်အရေးချိုးဖောက်နေသူတွေဟာ ဘယ်သူတွေလဲ၊**
- **ပြည်သူတွေရဲ့ အကျိုးစီးပွား ပျက်ပြားအောင်၊ ဆူပူအုံကြွမှုတွေဖြစ်အောင် ဖန်တီးနေတာ ဘယ်သူတွေလဲ၊**
- **ပြည်သူတွေကြားမှာ ချောက်ချားပြီး ကျီးလန့်စာစားမတည်မငြိမ်ဖြစ်အောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်တွေလုပ်နေတာ ဘယ်သူတွေလဲ၊**
- **ပြည်ပရဲ့ ထောက်ပံ့ငွေတွေနဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဗန်းပြပြီး နိုင်ငံရေးအရေခြုံပြီး လုပ်စားနေတာ ဘယ်သူတွေလဲ၊**
- **အနောက်အုပ်စု နိုင်ငံကြီးတွေရဲ့ ခိုင်းတာကို လိုက်လုပ်နေတဲ့ ရုပ်သေးရုပ် ပြည်တွင်းပုဆိန်ရိုးတွေဟာ ဘယ်သူတွေလဲ၊**

ဆိုသည့် မေးခွန်းများမေးလိုက်လျှင် ရိုးရိုးရှင်းရှင်း တွေးကြည့်လျှင်ပင် ပြည်ပြေးပြည်သစ်ညွှန့်ဝေ(ခေါ်)မောင်မောင် ဦးစီးသည့် FTUB၊ ပြည်ပြေးစိန်ဝင်းဦးစီးသည့် NCGUB၊ သံခဲဦးစီးသည့် ABSDFဆိုသည့်အဖွဲ့များနှင့် ဆက်စပ်ပတ်သက်နေသည့် အကြမ်းဖက်အဖျက်သမားများပင် ဖြစ်သည်ဟု အဖြေထွက်လာမှာပဲဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို အကြမ်းဖက်အဖျက်လုပ်ရပ်များဖြင့် ဒုက္ခပေးရုံသာမက မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှုကို နိမ့်ကျလျော့ပါးအောင် တစ်ဖက်သတ်ပြုလုပ်နေသည့် ပြည်ပြေး ပြည်သစ်ညွှန့်ဝေ(ခေါ်) မောင်မောင် ဦးစီးသည့် FTUB၊ ပြည်ပြေးစိန်ဝင်းဦးစီးသည့် NCGUB၊ သံခဲဦးစီးသည့် ABSDF အဖွဲ့များနှင့် အခြားဆက်စပ် ပတ်သက်နေသော အကြမ်းဖက်အဖျက်သမားများကို မတရားအသင်းများအဖြစ် ကြေညာပေးပါဟု မြန်မာအမျိုးသမီးများကိုယ်စား လေးလေးနက်နက်တင်ပြရင်း နိဂုံးချုပ်အပ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ခေါင်းဆောင် ဒေါ်နန်းလှလှအေးက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံကို လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေး ဗန်းပြ၍လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူး လူမှောင်ခိုကိစ္စများ ကာကွယ်တားဆီးတိုက်ဖျက်ရေးများတွင် ပူးပေါင်းဆောင်ရွက်မှုမရှိဘူးဟုလည်းကောင်း အကြောင်းပြပြီး နိုင်ငံရေးအမြတ်ထုတ်ကာ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နေကြကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် သမိုင်းအဆက်ဆက် ဘိန်းစိုက်ပျိုးထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်းလုံးဝမရှိခဲ့ကြောင်း၊ ကိုလိုနီနယ်ချဲ့များသည် ၎င်းတို့ကျွန်ပြုလိုသည့် နိုင်ငံများတွင် နိုင်ငံသားများ စိတ်ဓာတ်ပျော့ညံ့အောင် မျိုးချစ်စိတ်ဓာတ်ခေါင်းပါးလာအောင်၊ ဇာတိမာန်ပျက်သုဉ်းအောင်၊ လူမှုရေး၊ စီးပွားရေး နာလန်မထူအောင် မူးယစ်ဆေးဝါးကို လက်နက်အဖြစ် အသုံးပြုဆောင်ရွက်ခဲ့ကြကြောင်း၊ နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များကို ဖျက်ဆီးရာတွင် မူးယစ်ဆေးဝါး၏ အဖျက်စွမ်းအားသည် ကြောက်မက်ဖွယ်ကောင်းအောင် ထိရောက်ကြောင်း၊ ပထမကိုလိုနီကျူးကျော်စစ်အပြီး နယ်ချဲ့တို့ သိမ်းပိုက်ထားသည့် တနင်္သာရီနှင့် ရခိုင်ဒေသများတွင် ဘိန်းဆိုင်၊ ဘိန်းခင်းများစတင်ဖွင့်လှစ် ရောင်းဝယ်လာခဲ့ကြောင်း၊ လွတ်လပ်ရေး ဆုံးရှုံးပြီးနောက်ပိုင်းတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ချင်းတွင်းဒေသနှင့် ရှမ်းပြည်နယ်များတွင် ဘိန်းမျိုးစေ့များပေးပြီး နယ်မြေလူထုကို ဘိန်းစိုက်ပျိုးထုတ်လုပ်ရန် ဆောင်ရွက်ရာမှစပြီး ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို မူးယစ်ဇာတ်ထဲ သွင်းခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက်အရေးအတွက် စစ်ဆင်ရေးများ အကြိမ်ကြိမ်ဆင်နွှဲခဲ့ရကြောင်း၊ ထင်ရှားသည့် စစ်ဆင်ရေးများမှာ မိုးဟိန်းစစ်ဆင်ရေးအဆင့်(၁)မှ (၁၂)အထိ၊ ငရဲပန်းစစ်ဆင်ရေးအဆင့်(၁)မှ (၈)အထိ၊ တောင်ရန်ရှင်း စစ်ဆင်ရေး အဆင့်(၁)မှ (၄)အထိ ဖြစ်ကြောင်း၊ ယင်းစစ်ဆင်ရေးကြီးများကို ဆောင်ရွက်ရာတွင်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❒

မြန်မာနိုင်ငံတွင် လူကုန်ကူးခြင်း၊ လူမှောင်ခိုကူးခြင်းကို လုံးဝလက်မခံ ဒေသအာဏာပိုင်များ၊ အစိုးရအဖွဲ့အစည်းများနှင့် အတူလက်တွဲပြီး လူမှုရေး အသင်းအဖွဲ့များက အရှိန်အဟုန်ဖြင့်ကာကွယ်တိုက်ဖျက်နေ

❒ စာမျက်နှာ ၁၃မှ

တပ်မတော်သားများ၏ အသက်ပေါင်းများစွာစွန့်လှူခဲ့ရကြောင်း။

နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူဆောင်ရွက်နေကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို ကချင်အထူးဒေသ(၁)ဆဒုံး၊ ဆော့လော်မြို့နယ် ပန်ဝါ၊ ကန်ဘိုက်တီး၊ ကချင်အထူးဒေသ(၂)၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် ဆက်စပ်ဒေသများတွင်စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ဘိန်းစိုက်ပျိုးမှုကို တားဆီးပိတ်ပင်ပြီး ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတများ ရှာဖွေတူးဖော်ရေးနှင့် အခြားစီးပွားရေးများ ဆောင်ရွက်နိုင်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည့်စုံအောင် ဆောင်ရွက်ပေးနေပါကြောင်း။

ကချင်ပြည်နယ်အတွင်း ၂၀၀၄-၂၀၀၅ ခုနှစ်များ၌ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး ကာကွယ်တားဆီးရာတွင် တရားခံ ၁၂၀၉ဦးကို အရေးယူနိုင်ခဲ့ပြီး ဘိန်းဖြူ၅ကီလို၊ ဘိန်းမည်း ၂၇၄ကီလို၊ အဆင့်နိမ့်ဘိန်း ၁၃၅ကီလို၊ စိတ်ကြွဆေးပြား၁၂၇၆၇၁ပြား သိမ်းဆည်းရမိခဲ့ကြောင်း၊ ဝိုင်းမော်၊ တနိုင်း၊ ဖားကန့်၊ ဆွမ်ပရာဘွမ်၊ ပူတာအို၊ မိုးကောင်း၊ မိုးညှင်းမြို့နယ်များမှ ဘိန်းခင်းဧက ၃၆၆၇ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ ဒေသခံတောင်သူများ၏ စားဝတ်နေရေးကို ကူညီပံ့ပိုးပေးရေး၊ အခြားစီးပွားရေးများ ထူထောင်နိုင်ရေးအတွက် စိုက်ပျိုးမြေဧက ငါးထောင်ကျော် ဖော်ထုတ်ပေးပြီး ငွေကျပ် သိန်းတစ်ရာ့ကိုးဆယ်နီးပါး ထောက်ပံ့ ပေးခဲ့အပ်ကြောင်း။

မြန်မာနိုင်ငံအတွင်း ဖမ်းဆီးရမိသည့် ဘိန်းဖြူ၊ ဘိန်းမည်း၊ စိတ်ကြွဆေးပြား၊ ဆေးရည်နှင့် မူးယစ်ဆေးဝါး ချက်လုပ်သည့် ဓာတုဆေးဝါးများကိုလည်း သံတမန်များ၊ မီဒီယာများရှေ့တွင် အကြိမ်ကြိမ်မီးရှို့ဖျက်ဆီးခဲ့သည်ကို မည်သူမျှ မငြင်းနိုင်ကြောင်း၊ သို့သော် မမြင်သလိုဟန်ဆောင်နေကြကြောင်း၊ မြင်အောင်ကြည့်ကြပါဟု မှာကြားလိုပါကြောင်း။

၂၀၀၅ခုနှစ် ဇွန်၂၆ရက်က (၁၉)ကြိမ်မြောက် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားတွင် ကမ္ဘာ့လူသားအသက်ပေါင်းများစွာ သေစေနိုင်သည့် ဘိန်း၊ ဘိန်းဖြူနှင့် စိတ်ကြွဆေးပြား၃၃သိန်းအပါအဝင် ၁၉၃၆ကီလို၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၂၈သန်းကျော် မီးရှို့ဖျက်ဆီးခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးနှိမ်နင်းရေးတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုမရှိဘူးဟု ပြည်ပမီဒီယာများ တစာစာအော်နေခြင်းသည် မဟုတ်မမှန်ဘူးဆိုသည်မှာ ပေါ်လွင်ထင်ရှားနေကြောင်း။

မူးယစ်ဆေးဝါးကို စတင်သွင်းလာတာ ဘယ်သူလဲ၊ ထုတ်လုပ်ဖြန့်ချိသုံးစွဲနေတာ ဘယ်သူလဲ၊ ယင်းအကျိုးအမြတ်များကို ဘယ်သူခံစားနေသလဲ၊ ဆိုးကျိုးတွေကို ဘယ်သူခံစားနေရသလဲဆိုသည်မှာ မေးစရာဖြစ်လာပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ အမေရိကန်၊ ဂျပန်၊ ရုရှ၊ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။ နိုင်ငံတကာမှ စေတနာသန့်သန့်ဖြင့် ပူးပေါင်းပါဝင်ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြမည်ဆိုပါက လက်တွဲပူးပေါင်းဆောင်ရွက်ရန် အမြဲအသင့်ရှိနေကြောင်း၊ အချို့နိုင်ငံကြီးများ၏ ပူးပေါင်းပါဝင်မှု၊ ကူညီရိုင်းပင်းမှု မရှိလျှင်လည်း မိမိတို့နိုင်ငံတော်နှင့် ပြည်သူများ၏ ခွန်အား၊ စွမ်းအားဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး စဉ်ဆက်မပြတ် ကာကွယ်တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်သွားမှာပင်ဖြစ်ကြောင်း။

ဤနေရာတွင် NCGUB ဆိုသည့်အဖွဲ့မှ ကုလသမဂ္ဂတာဝန်ခံဆိုသူ ဒေါက်တာသောင်းထွန်း၏ ပြည်ပရောက် အတိုက်အခံများ ဆက်လက်လုပ်ဆောင်မည့် အစီအစဉ်ဆိုသည်ကို ဖော်ပြပြောကြားလိုကြောင်း၊ ၎င်းအစီအစဉ်တွင် လူသားချင်းစာနာထောက်ထားသည့် ကူညီထောက်ပံ့မှုများပေးရာ၌ မြန်မာပြည်သူများအပေါ် ထောက်ပံ့ပေးလိုသည့် ကူညီထောက်ပံ့မှုများကို နိုင်ငံခြား NGO များမှတစ်ဆင့် NLD ပါတီ၊ တိုင်းရင်းသား အဖွဲ့အစည်း ပါတီ၊ ပြည်ပရောက် ဒီမိုကရေစီအင်အားစုများနှင့် ဆွေးနွေးတိုင်ပင်ပြီးမှ အိမ်နီးချင်းနိုင်ငံများတွင် ဒုက္ခသည်များအတွက် နယ်စပ်ဖြတ်ကျော် ကူညီထောက်ပံ့ရေး စီမံချက်များဆောင်ရွက်ရန်ဆိုပြီး ကလိမ်ကကျစ်လုပ်နေရာ ၎င်းတို့၏ လုပ်ရပ်မှာ နိုင်ငံအတွက် မည်သို့မှ ကောင်းနိုင်တော့မည်မဟုတ်ဟု ပြောကြားလိုကြောင်း။

မိမိတို့ မြန်မာနိုင်ငံတွင် လူကုန်ကူးခြင်း၊ လူမှောင်ခိုကူးခြင်းကို လုံးဝလက်မခံဘဲ ဒေသအာဏာပိုင်များ၊ အစိုးရအဖွဲ့အစည်းများနှင့်အတူ လက်တွဲပြီး လူမှုရေးအသင်းအဖွဲ့များကလည်း အရှိန်အဟုန်ဖြင့် ကာကွယ်တိုက်ဖျက်နေကြောင်း။

လူမှောင်ခိုခြင်းဆိုသည့် ငွေကြေးအကျိုးအမြတ်ရယူပြီး မိမိနိုင်ငံမဟုတ်သည့် နိုင်ငံတစ်နိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လိုသူများအား ခိုးသွင်းခြင်းများကိုလည်း ထိထိရောက်ရောက် တိုက်ဖျက်ကာကွယ်နေကြောင်း၊ လူကုန်ကူးခြင်း၏ သားကောင်ဖြစ်ကြရသည့် အခြေခံအကြောင်းရင်းများဖြစ်သည့် ဝင်ငွေမလုံလောက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှု၊ ပညာရေးနိမ့်ပါးမှု၊ သတင်းအချက်အလက်မရှိမှု၊ အလေးအနက်ထား စိတ်ဝင်စားခြင်းမရှိမှု၊ မိဘမိသားစုကိုထောက်ပံ့ရန် စူးစမ်းစွန့်စားလိုစိတ်၊ မိသားစုတွင်းပြဿနာနှင့် အကြွေးဆပ်ရန်ဆိုသည်များကို ဖော်ထုတ်ပြီး ဒေသအနှံ့ပညာပေးခြင်း၊ လိုအပ်မှုများကို ကူညီဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးနေကြောင်း၊ ထို့အပြင် ကျူးလွန်သူများကိုလည်း ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များချမှတ်နေကြောင်း။

မိမိတို့၏နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေသည်ကို အခြေအမြစ်မရှိသည့် ပုဂ္ဂိုလ်များ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ ဝရမ်းပြေးများ၊ ပြည်ပြေးများ၏ မဟုတ်မမှန် လုပ်ကြံသတင်းများကိုရယူလုပ်ဇာတ်ဆင်ပြီး ပြည်ပမီဒီယာအချို့က နေ့စဉ်မိုးလုံးပြည့်မုသာဝါဒများထုတ်လွှင့်နေသည်ကိုလည်း စိတ်မချမ်းမြေ့စွာ ကြားနေရကြောင်း၊ နိုင်ငံတော် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုဖြိုခွဲရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားစေရန်အတွက် ဆန်ကောလောက်မှ ဇောက်မနက်သည့် ပြည်ပြေးစဝ်ခမ်ဖ၏ ပြည်ထောင်စုမှ ခွဲထွက်ရန် အကြံအစည်နှင့် ကယောင်ကတမ်းလုပ်ဆောင်မှုများကိုလည်း ပြည်သူတစ်ရပ်လုံးက ရွံရှာစက်ဆုပ်လျက်ရှိကြောင်း။

အေးချမ်းတည်ငြိမ်မှုနှင့် ပြည်သူများ၏ အသက်အိုးအိမ်ကို ထိပါးနှောင့်ယှက်သည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့် မန္တလေးနှင့် ရန်ကုန်မြို့တွင် ဗုံးဖောက်ခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရခဲ့ကြကြောင်း၊ လူမဆန်သည့် လုပ်ရပ်များကို မိမိတို့ အမျိုးသမီးထုကြီးတစ်ရပ်လုံးက အမျိုးသားရေး အန္တရာယ်အဖြစ် သတ်မှတ်ပြီး ပြတ်ပြတ်သားသား ဆန့်ကျင်ချေမှုန်းသွားရမှာဖြစ်ကြောင်း။

အလားတူ အင်အားကြီးနိုင်ငံတချို့နှင့် အဆိုးမြင်ဝါဒီ အချို့ကို မြန်မာနိုင်ငံ၏ အဖြစ်မှန်နှင့် ပကတိအခြေအနေများကို သိမြင်နိုင်အောင် ရိုးသားမှုဖြင့် ယထာဘူတကျကျ အမှန်အတိုင်းရှုမြင်ကြပါဟု တိုက်တွန်းလိုက်ကြောင်း၊ အမျိုးသားရေးအကျိုးစီးပွားကို လုံးဝလျစ်လျူရှုပြီး နိုင်ငံတော်ကို အမြဲဆန့်ကျင်ဘက်လုပ်နေသည့် လူတစ်စု၊ လူတစ်ဖွဲ့၏ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားကိုသာ ဦးတည်ကိုယ်စားပြုနေသည့် ပြည်ပမှ ဖိအားပေးလှုပ်ရှားမှုမှန်သမျှကို မိမိတို့ ကချင်ပြည်နယ်မှ အမျိုးသမီးထုကြီးတစ်ရပ်လုံးက ပြတ်ပြတ်သားသား ဆန့်ကျင်ရှုတ်ချကြောင်း ကြေညာလိုက်ပါကြောင်း။

မိမိတို့ မြန်မာအမျိုးသမီးများသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေးသုံးပါးကို ထိပါးလာသည့် လုပ်ဆောင်မှုမှန်သမျှကို လုံးဝလက်မခံနိုင်ကြောင်း၊ မည်သည့် အခြေအနေမျိုးကို ရင်ဆိုင်ရစေကာမူ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား၊ မြန်မာအမျိုးသမီးများ၏ အကျိုးစီးပွားကို ဦးတည်ချက်တူ၊ ရည်မှန်းချက်တူသော မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး စည်းလုံးညီညွတ်သော အင်အားဖြင့် ထိန်းသိမ်းကာကွယ်တည်ဆောက်သွားကြမည်ဖြစ်ကြောင်း အလေးအနက်တင်ပြရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးများနေ့ (၂၀၀၅) အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသူများအားလည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ ထူးချွန်အမျိုးသမီးများအားလည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်ကြသည်။

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ဗန်းမော်ခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်အဆိုပြုလွှာ ၁၈၀၈စောင်ကို တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင် ကချင်ပြည်နယ် ဒေသစည်းရုံးရေးမှူး ဒေါ်စန်းစန်းဝေအား ပေးအပ်စဉ်။

(သတင်းစဉ်)

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများ ပေးအပ်ကြရာ မြစ်ကြီးနားခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်အဆိုပြုလွှာ ၃၉၄၀စောင်၊ မိုးညှင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်အဆိုပြုလွှာ ၁၀၃၉စောင်၊ ဗန်းမော်ခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်အဆိုပြုလွှာ ၁၈၀၈ စောင်၊ ပူတာအိုခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်အဆိုပြုလွှာ ၁၀၁၅စောင်၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ အဖွဲ့ဝင်အဆိုပြုလွှာ စောင်ရေ ၁၀၀၀တို့ကို တာဝန်ရှိသူများက ပေးအပ်ကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အဖွဲ့ဝင် ကချင်ပြည်နယ် ဒေသစည်းရုံးရေးမှူး ဒေါ်စန်းစန်းဝေက လက်ခံသည်။

ယင်းနောက် အခမ်းအနားကို ကြွေးကြော်သံများဖြင့် ကြွေးကြော်ပြီး ကချင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များက "မြန်မာအမျိုးသမီးများရဲ့ သမိုင်းသစ်"တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုကြကာ ပထမပိုင်း အခမ်းအနားအစီအစဉ်များကို နံနက် ၁၁နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို နံနက် ၁၁နာရီ မိနစ်၄၀တွင် အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ကချင်ပြည်နယ်တာဝန်ခံ ဗိုလ်မှူးချုပ်သိန်းဇော်၊ မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ထွန်း၊ ကချင်ပြည်နယ် ဒေသစည်းရုံးရေးမှူး ဒေါ်စန်းစန်းဝေ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဖျော်ဖြေရေးအစီအစဉ်များ ကျင်းပပြီးနောက်မြန်မာအမျိုးသမီးများနေ့အား ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ် သိန်း ၂၀၊ ကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ငွေကျပ်သုံးသိန်း၊ ကချင်အထူးဒေသ(၂) အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းငွေကျပ် ၁၀သိန်း၊ ကချင် အထူးဒေသ(၂) တပ်မဟာ (၃)မိသားစုမှ လှူဒါန်းငွေကျပ်ငါးသိန်း၊ May & Markကုမ္ပဏီမှ ငွေကျပ် ၁၀သိန်း၊ ကောင်းရီကုမ္ပဏီမှ လှူဒါန်းငွေကျပ် ငါးသိန်း၊ ဦးအောင်သန်း-ဒေါ်ခင်လွန်း (ကြိမ်လုပ်ငန်းပမ္ပတီး)မှ လှူဒါန်းငွေကျပ်သုံးသိန်း၊အေးချမ်းသာဟိုတယ်ပိုင်ရှင် ဦးဝင်းလွင်-ဒေါ်ဝင်းကြည်မိသားစုကလှူဒါန်းငွေ ကျပ်ငါးသောင်း၊ ဦးရင်ဟိုင်း-ဒေါ်အေးရီမိသားစု (ဟိုင်းချမ်းကုမ္ပဏီ)မှ လှူဒါန်းငွေကျပ်တစ်သိန်း၊ ဦးမြင့်သိန်း-ဒေါ်သူဇာဝင်း (မလိုင်မုန့်တိုက်)မှ လှူဒါန်းငွေကျပ်တစ်သိန်း၊ မခင်စိန်(ကချင်လုံချည်အထည်ဆိုင်)မှလှူဒါန်းငွေကျပ်တစ်သိန်း၊ကချင်ပြည်နယ် ဆန်ကုန်သည်ကြီးများအသင်းမှ လှူဒါန်းငွေကျပ် ငါးသောင်း၊ Myanmar Jade Land Co., Ltd မှ လှူဒါန်းငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးနှင့်အဖွဲ့ဝင် ဒေါ်ခင်စုမေတို့က လက်ခံရယူသည်။ ယနေ့အခမ်းအနားတွင် အလှူရှင် ၃၁ဦးတို့က အလှူငွေပေါင်း ကျပ်သိန်း ၁၃၀နှင့် ငါးသောင်း လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသော အသက်(၇၀)နှစ်အထက်ရှိ အဖွဲ့ဝင်ခုနစ်ဦးတို့အား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးက ထောက်ပံ့ငွေကျပ် တစ်သောင်းစီ ပေးအပ်ဂါရဝပြုသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အမျိုးသမီးဂုဏ်ရည် တေးသီချင်းဖြင့် သီဆိုဂုဏ်ပြု၍ မွန်းလွဲ ၁နာရီတွင် အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှား

ရန်ကုန် ဇူလိုင် ၅

၂၀၀၅ခုနှစ် ဇူလိုင် ၅ရက် မြန်မာစံတော်ချိန် ဝ၈နာရီ ၂၅ မိနစ် ၃၃စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက်မိုင် ၁၁၀၀ ခန့်ကွာဝေးသော အင်ဒိုနီးရှားနိုင်ငံ နီးယား(စ်)ဒေသအနီးကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
Fibre Optic Cable Line ချိတ်ဆက်ရေးလုပ်ငန်းအတွက်
စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရန်ကုန်-စစ်ကိုင်း Fibre Optic Cable Line ချိတ်ဆက်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။

(1)	SDH Add/Drop Multiplexer with Video/Audio Tributary (SDM-1)(syncom)	2Nos
(2)	MPEG- 2 Encoder(E-1000)(Scopus)	1No
(3)	Digital Receiver Decoder(IRD-2600)(Scopus)	2Nos
(4)	Rectifier (PMP 13-48 WIR)(Power-One)	2Nos
(5)	Fibre Optic Cable Line(Kilometer)	18 Kilometer
(6)	Termination	2Nos
(7)	Joint Box	11Nos

၂။ တင်ဒါပေးသွင်းမှုကို ၁၄-၇-၂၀၀၅ရက် (၁၆:၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် သက်ဆိုင်သည့်ကိစ္စများပေါ်လာတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက မားမားမတ်မတ် ရပ်တည်ပေးသည့်အတွက် အမြဲတမ်းကျေးဇူးတင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

တရုတ်အစိုးရသည် တရုတ်-မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို အလေးထား မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို မည်သည့်အခါတွင်မျှ ဝင်ရောက်စွက်ဖက်မည်မဟုတ်

တရုတ်ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်

ရန်ကုန် ဇူလိုင် ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ဇူလိုင် ၄ရက် နံနက် ၁၀နာရီ မိနစ် ၅၀တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Zhen Zhuang Guest House ၌ တွေ့ဆုံဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျင်ပင်ကျင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ထိုင်ဆင်ဂေါ၊ နိုင်ငံတော်ကောင်စီ သုတေသနရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာဝေလီဂမ်း၊ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာရှီယုံခိုင်၊ ကွမ်စီကျွမ်း **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❁

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အခြေခံပြီး နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အဆက်ဆက် အမြော်အမြင်ကြီးမားစွာ တည်ဆောက်ခဲ့ကြ၍ ယနေ့ဆိုလျှင် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် အစဉ်ရှင်သန်လျက်ရှိပြီး အချိန်ကြာလာသည်နှင့်အမျှ ပိုမိုခိုင်မြဲလာ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Zhen Zhuang Guest House ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိုးလုံးပြည့်မုသာဝါဒများကို ပြည်ပမီဒီယာများက နေ့စဉ်အချိန်ကိုက် ထုတ်လွှင့်နေ ILO စင်မြင့်ကိုသုံး၊ စီးပွားရေးပိတ်ဆို့၊ မူးယစ်ဆေးဝါးဖြင့်အပြစ်ရှာ စွပ်စွဲနေ ယင်းလုပ်ရပ်အားလုံးသည် မရိုးသား၍ မြန်မာအမျိုးသမီးများက လုံးဝလက်မခံ

ရန်ကုန် ဇူလိုင် ၅

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အဖွဲ့ဝင်၊ ကချင်ပြည်နယ် ဒေသစည်းရုံးရေးမှူး ဒေါ်စန်းစန်းဝေ၊ ကချင်ပြည်နယ်ရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များမှ အမျိုးသမီးရေးရာ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်များ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ စုစုပေါင်းအင်အား ၁၈၀၀ ကျော် တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❒